# ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၁၀) ရက်နေ့၌ Online မှတစ်ဆင့် အရေးပေါ် ကျင်းပခဲ့သည့် (၂၉) ကြိမ်မြောက် မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ အစည်းအဝေးမှတ်တမ်း

## ၁။ ရည်ရွယ်ချက်

(၂၉) ကြိမ်မြောက် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ အစည်းအဝေးအား သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ အရပ်ဘက်ကဏ္ဍကိုယ်စားလှယ်များက သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ အစည်းအဝေးအရေးပေါ် ခေါ်ယူပေးရန် အကြောင်းကြားလာပါသဖြင့် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ဥက္ကဋ္ဌထံသို့ တင်ပြ၍ လမ်းညွှန်ချက်တောင်းခံကာ သုံးပွင့်ဆိုင် ညွန့်ပေါင်း အဖွဲ့ဥက္ကဋ္ဌ၏ လမ်းညွှန်မှုအရ (၂၉) ကြိမ်မြောက် မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွန့်ပေါင်း အဖွဲ့အစည်းအဝေးအား အရေးပေါ် ကျင်းပခဲ့ခြင်းပါသည်။ အစည်းအဝေး၌ အောက်ပါအကြောင်းအရာများအား အဓိကထား ဆွေးနွေးခဲ့သည် -

- လုပ်ငန်းကော်မတီ (Working Committee) နှင့် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ကိုယ်စားလှယ် (MSG) တို့၏ လုပ်ပိုင်ခွင့် အခန်းကဏ္ဍအား ပြန်လည် ဆွေးနွေး အသိပေးခြင်း
- နိုင်ငံတကာ EITI အတွင်းရေးမှူးရုံးနှင့် ဆွေးနွေးခဲ့သည့် မြန်မာ EITI လုပ်ငန်းစဉ်၏ အကောင်အထည် ဖော်မှုနှင့် ထိရောက်မှုများကို ပြန်လည်သုံးသပ်ရေး အတွက် ဆွေးနွေးခြင်း
- MEITI ဘတ်ဂျက် ၃.၅ သန်းနှင့်ပတ်သက်၍ နောက်ဆုံး အခြေအနေများအား တင်ပြခြင်း

## ၂။ အစည်းအဝေးတက်ရောက်သူများ

အစည်းအဝေးသို့ မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ (MSG) ဥက္ကဋ္ဌ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ဒုတိယဥက္ကဋ္ဌဖြစ်သည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးခင်လတ်ကြီး၊ အစိုးရကဏ္ဍကိုယ်စားလှယ် (၆) ဦး၊ လုပ်ငန်းရှင်ကိုယ်စားလှယ် (၆) ဦး၊ အရပ်ဘက်ကဏ္ဍကိုယ်စားလှယ် (၅) ဦး၊ လေ့လာသူများနှင့်အရန်ကိုယ်စားလှယ်များ (၉) ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန (MOBD) မှ (၆) ဦး၊ မိတ်ဖက်အဖွဲ့အစည်းများ (၈) ဦး၊ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံး (၁၃) ဦး စသဖြင့် ကျား (၂၉) ဦး၊ မ (၂၅) ဦး စုစုပေါင်း တက်ရောက်သူ (၅၄) ဦးခန့်ရှိခဲ့သည်။ အစည်းအဝေးတက်ရောက်သူစာရင်းအား နောက်ဆက်တွဲ (၁) တွင် ပူးတွဲ ဖော်ပြအပ်ပါသည်။

## ၃။ မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ ဥက္ကဋ္ဌ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းမှ အဖွင့်အမှာစကား ပြောကြားခြင်း

သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာ၌ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့၏ (၂၉) ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဒုတိယဥက္ကဋ္ဌ ဦးခင်လတ်ကြီး၊ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူး ဦးစိုးဝင်း၊ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ အဖွဲ့ဝင်ကိုယ်စားလှယ်များ၊ တက်ရောက်သူများအား မင်္ဂလာပါဟု နှုတ်ခွန်းဆက်သပါကြောင်း၊ ယခုအစိုးရကာလ၌ EITI အား အကောင်အထည်ဖော်ရာတွင် ဦးဆောင်ကော်မတီအား ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ (၁၉) ရက်တွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က အဖွဲ့ဝင်များအဖြစ် လည်းကောင်း၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအနေဖြင့် အတွင်းအရေးမှူး အဖြစ်ပါဝင်၍ ဖွဲ့စည်းခဲ့ကြောင်း၊ လုပ်ငန်းကော်မတီအား ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၈) ရက်နေ့တွင်လည်းကောင်း၊ ထို့နောက် သုံးပွင့်ဆိုင် ညွန့်ပေါင်း အဖွဲ့ (MSG) အား ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီ (၂၈) တွင် ဖွဲ့စည်းခဲ့ကြောင်း၊ ထို့နောက် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၉) ရက်နေ့ တွင်အဖွဲ့ဝင်များ အပြောင်းအလဲပြုလုပ်၍ ပြန်လည်ဖွဲ့စည်းခဲ့ကြောင်း၊ ဦးဆောင်ကော်မတီ၊ လုပ်ငန်းကော်မတီနှင့် MSG တို့ ဖွဲ့စည်းခဲ့မှုများအား ပြန်လည်ဆွေးနွေး ခြင်းဖြစ်ကြောင်း၊ ယနေ့ အစည်းအဝေး၌ ဆွေးနွေးမည့် အကြောင်းအရာများအပေါ် အခြေခံ၍ အားလုံးဝိုင်းဝန်းဆွေးနွေးပေးစေချင်ကြောင်း စသည်ဖြင့် အဖွင့်အမှာစကားပြောကြားခဲ့သည်။

## ၄။ မြန်မာ EITI ညှိနှိုင်းရေးမှူး ဦးစိုးဝင်းမှ အမှာစကားပြောကြားခြင်း

(၁) ယနေ့အစည်းအဝေးသို့ ပါဝင်တက်ရောက်ပေးကြသည့် MSG ဥက္ကဋ္ဌ၊ ဆရာ ဦးမောင်မောင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ၊ ဆရာဦးခင်လတ်ကြီး၊ MSG ကိုယ်စားလှယ်မိသားစုဝင်များ၊ ရသုံးမှန်းခြေငွေ စာရင်း ဦးစီးဌာနမှ မိသားစုများ၊ နည်းပညာနှင့်ငွေကြေးထောက်ပံ့ပေးကြပါသော မိတ်ဖက်အဖွဲ့အစည်းများ ဖြစ်တဲ့ ကမ္ဘာ့ဘဏ်၊ DFID၊ DFAT ၊ NRGI ၊ Forest Trends ၊ Nathan Associate ၊ Oxfam တို့မှ မိတ်ဆွေများအားလုံးမင်္ဂလာပါလို့နှုတ်ခွန်းဆက်သပါကြောင်း၊ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့၏ အရေးပေါ် အစည်းအဝေးဖြစ်ပြီး ဆွေးနွေးမည့်အကြောင်းအရာအား အားလုံးကို တင်ပြထားပြီး ဖြစ်ပါကြောင်း၊

(၂) ယနေ့အစည်းအဝေးတွင် MSG ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်တစ်ကွ MSG ကိုယ်စားလှယ်ကြီးများကို မိမိအနေဖြင့် ကိစ္စတစ်ရပ်ကိုတင်ပြလိုပါသည်မှာ ညှိနှိုင်းရေးမှူးရုံးအဖြစ်တာဝန်ယူဆောင်ရွက်ရန်

အတွက် MOPFI နှင့် သဘောတူလက်မှတ်ရေးထိုးထားသည့် MOU သက်တမ်းသည် လာမယ့် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလမှာကုန်ဆုံးတော့မည်ဖြစ်ကြောင်း၊ ထို့အတွက် ယနေ့အစည်းအဝေးတွင် သိရှိနိုင်ရန်အတွက် တင်ပြခြင်းဖြစ်ပါကြောင်း၊ မိမိအနေဖြင့် စက်တင်ဘာလကုန်တွင်အနားယူမည်ဖြစ်ပြီး ထို့နောက်ပိုင်းတွင် နောက်ထပ် တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းအသစ်သို့ လုပ်ငန်းတာဝန်များ လွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းလွှဲပြောင်းလက်ခံမည့်အဖွဲ့အနေဖြင့် ယခုကတည်းက ကြိုတင်၍ လက်တွဲဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ စနစ်တကျရှိရန်အတွက်ဖြစ်ကြောင်း၊ လုပ်ငန်းစဉ်လွှဲပြောင်းသည့် အခါလိုအပ်ချက်များ မရှိစေရန် လမ်းညွှန်ဆွေးနွေးပေးစေချင်ကြောင်း၊

(၃) မိမိတာဝန်ယူညှိနှိုင်းခဲ့သည့်ကာလအတွင်း၌ ဒုတိယအကြိမ်မှ ပဉ္စမအကြိမ်အထိ အစီရင်ခံစာ (၅) စောင်၊ သစ်တောအစီရင်ခံစာ (၄) စောင်၊ ပထမအကြိမ် BO ဆိုင်ရာအချက်အလက်များထုတ်ပြန်ခြင်း၊ Validation လုပ်ငန်းစဉ်စသည့် လုပ်ငန်းစဉ်များကို MSG ကိုယ်စားလှယ်ကြီးများရဲ့ ဦးဆောင်မှုဖြင့် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ယခုကဲ့သို့ဆောင်ရွက်နိုင်ခဲ့ခြင်းသည် MSG ကိုယ်စားလှယ်များအားလုံး၏ ကြိုးပမ်း ဆောင်ရွက်မှုကြောင့်သာဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအား EITI Candidate Country မှ Meaningful Progress အခြေအနေထိ အောင်မြင်စွာ အသိအမှတ်ပြုနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများ၏ ကြိုးပမ်းမှုကြောင့် ကမ္ဘာ့အလယ်တွင် ဂုဏ်ယူနိုင်ပြီဖြစ်ပါကြောင်း၊

(၄) မိမိတာဝန်ယူဆောင်ရွက်ခဲ့သည့်ကာလမှာ အားလုံးအဖက်ဖက်ကနေ လက်ကမ်းကူညီဖေးမပေးကြသည့် MSG ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်တကွ MSG မိသားစုဝင်များ၊ MEITI လုပ်ငန်းအတွက် အတွင်းရေးမှူးရုံးအဖြစ် ပူးပေါင်းဆောင်ရွက်ခဲ့သည့် MOBD ရုံး၏ ပံ့ပိုးမှုများနှင့် အတွေ့အကြုံများအတွက် ကျေးဇူးတင်ပါကြောင်း၊ မဝေးတော့သည့်ကာလတွင် လူချင်းတွေ့ဆုံ၍ အစည်းအဝေးကျင်းပနိုင်ရန် မျှော်လင့်ကြောင်း၊ အားလုံးကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါကြောင်းနှင့် အားလုံးကိုယ်စိတ် နှစ်ဖြာ ဘေးရန်ကွာပြီး ငြိမ်းအေးကြပါစေကြောင်း စသဖြင့် အမှာစကား ပြောကြားခဲ့သည်။

**၅။ မြန်မာ EITI လုပ်ငန်းစဉ်၏ အကောင်အထည် ဖော်မှုနှင့် ထိရောက်မှုများကို ပြန်လည်သုံးသပ်ရေး အတွက် ဆွေးနွေးခြင်း**

(၁) အရပ်ဘက်ကိုယ်စားလှယ်က တင်ပြရာ၌ ယနေ့အစည်းအဝေးတွင် ဆွေးနွေးတင်ပြခွင့်ရသည့်အတွက် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များ၊ NCS အပါအဝင် အားလုံးကို ကျေးဇူးတင်ကြောင်း၊ မိမိတို့ အရပ်ဘက်အဖွဲ့အစည်းအနေဖြင့် နိုင်ငံတကာ EITI အတွင်းရေးမှူးရုံးနှင့် ယခုရက်ပိုင်းတွင် နံနက်ပိုင်း ပုံမှန်တွေ့ဆုံဖြစ်ခဲ့ကြောင်း၊ တွေ့ဆုံစဉ်တွင် အထူးသဖြင့် Validation လုပ်ငန်းစဉ်၊ EITI Standard အသစ်ပါကိစ္စရပ်များ ၊ Contract Transparency နှင့် BO လုပ်ငန်းစဉ်စသဖြင့် ကိစ္စရပ်များအား နှစ်ဖက်ဆွေးနွေးဖြစ်ခဲ့ကြကြောင်း၊ထို့အပြင် ပြီးခဲ့သည့်အပတ်တွင် မမျှော်လင့်ဘဲ ဆွေးနွေးလာသည့်မှာ EITI တွင် Outcome နှင့် Impact များ ဆန်းစစ်ရန်လိုအပ်ကြောင်းနှင့် Validation နှင့်စပ်ဆက်နေသည်ဟုသိရှိရကြောင်း၊ ထို့အပြင် မိမိတို့ အကောင်အထည်ဖော်နေသည့် လုပ်ငန်းစဉ်တစ်လျှောက်တွင် မကြားဖူးသည့် လုပ်ငန်းဖြစ်သည်ဟု ထင်မြင်ကြောင်း၊ နောက်အချက်အနေဖြင့် MSG မှာပါဝင်နေသည့် Stakeholder များ၏ အခန်းကဏ္ဍများ မရှင်းလင်းနေသည်ဟု ထင်မြင်ကြောင်း၊ ထို့အပြင် NCS အနေဖြင့် လက်ရှိအချိန်အထိ နောက်ပိုင်းတွင် မည်သည့်အခြေအနေဖြစ်မည်ကို ရှင်းရှင်းလင်းလင်းဖြစ်နေသည့်အခြေအနေ မဟုတ်သေးကြောင်း၊ ထိုအချက်များအား ဆွေးနွေးမည်ဖြစ်ကြောင်း၊

(၂) ၎င်းက ရှင်းလင်းတင်ပြရာ၌ နိုင်ငံတကာအတွင်းရေးမှူးရုံးက ဆွေးနွေးထားသည်မှာ Assessment နှင့်ပတ်သက်၍ EITI အား စံနှုန်းအရ အကောင် အထည် ဖော်ရာတွင် မည်သည့်အချက်များ ဆောင်ရွက်ပြီး မည်သည့်အခြေအနေများ ကောင်းမွန်လာသည် ဆိုသည်ကို သိရရန်အတွက် တိုင်းတာသည်ဟု ပြောဆိုထားကြောင်း၊ ထို့အပြင် မတူညီသည့် Stakeholders များအကြားတွင် EITI အား မည်ကဲ့သို့ အဓိပ္ပာယ်ဖွင့်ဆိုပြီး မည်သည့်အမြင်များရှိနေသည်ကို တိုင်းတာရန်ဖြစ်ကြောင်း၊ နိုင်ငံအတွက်ဖြစ်စေ၊ ကုမ္ပဏီအတွက်ဖြစ်စေ မည်သည်များကောင်းလာသည်ကိုသိရှိရပြီး အခြားနိုင်ငံများပါ ပါဝင်လာရန်ဖြစ်ကြောင်း၊ နောက်တစ်ချက်အနေဖြင့် လက်ရှိအခြေအနေများအား သုံးသပ်ရန် ဖြစ်ကြောင်း၊ Impact အား Evaluation လုပ်ထားသည့်အခြေအနေကို Validation တွင်ပါလာမည်ဖြစ်ကြောင်း၊ နိုင်ငံအလိုက် Evidence များ ရှင်းရှင်းလင်းလင်းဖြစ်စေရန် နှင့်မည်ကဲ့သို့ အသုံးချနေသည်ကို ရှင်းလင်းနေစေရန်ဟု ရည်ရွယ်ကြောင်း၊

(၃) တိုင်းတာရန်အတွက် Measurement Practice အနေဖြင့် မည်ကဲ့တိုင်းတာသတ်မှတ်မည်ကို ရည်ရွယ်ကြောင်း၊ အခြားလုပ်ငန်းစဉ်များတွင် HDI ၊ CPI စသည်တို့ရှိသော်လည်း EITI တွင် ရှင်းလင်းမှုရှိမနေကြောင်း၊ လက်ရှိတိုင်းတာသည့် အခြေအနေများကို သုံးသပ်ပါက နိုင်ငံအလိုက် တိုးတက်မှုအစီရင်ခံစာများရေးခြင်းများ၊ နိုင်ငံများအား compliance ဖြစ်၊ မဖြစ် တိုင်းတာသည့် validation လုပ်ငန်းစဉ်များရှိနေကြောင်း၊ သို့သော် မိမိတို့နိုင်ငံအနေဖြင့် စံနှုန်းတွင်ပါသည့်လုပ်ငန်းအား

အကောင်အထည် ဖော်လိုက်ရခြင်းမဟုတ်ဘဲ နိုင်ငံအတွက် မည်သည့်အချက်များ စွမ်းဆောင်ပြည့်မီသွားသည်ဆိုသည့်ပုံစံမျိုး တိုင်းတာနိုင်သည့် အခြေအနေဖြစ်ရမည်ကြောင်း၊

(၄) နိုင်ငံအလိုက်တိုင်းတာမည်ဆိုပါက နိုင်ငံ၏ EITI ဆောင်ရွက်မှုလုပ်ငန်းစဉ်နှင့်ရည်ရွယ်ချက်များအား ထင်ဟပ်သည့် လုပ်ငန်းအစီအစဉ် (Work Plan) ရှိရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် work plan တွင် မိမိတို့ အမှန်တကယ်ပြောင်းလဲစေချင်သည့်လုပ်ငန်းများပါဝင်သတ်မှတ်၍ ရေးဆွဲရန် လိုအပ်ကြောင်း၊ ထိုနောက်မှ အကောင်အထည်ဖော်မှုအား တိုင်းတာမှုနည်းနာများ သတ်မှတ်ရန်လိုအပ်ကြောင်း၊ မည်သူက အကဲဖြတ်မည်ကိုလည်း သတ်မှတ်ရမည်ဖြစ်ကြောင်း၊ MEITI အနေဖြင့် သို့သော် သက်သေသာဓက အထောက်အထားများ များစွာရှိနေပြီး မည်ကဲ့သို့ အသုံးချမည်ဆိုသည်ကို စဉ်းစားရမည်ဟု ပြောဆိုထားကြောင်း၊

(၅) လက်ရှိလုပ်နေသည့် Work Plan အား ကြည့်မည်ဆိုပါက Strategic goal အရ မိမိတို့နိုင်ငံအတွက် ရည်ရွယ်ချက် (၃) ခုချမှတ်ထားခြင်းရှိပြီး ရည်ရွယ်ချက်အလိုက် လုပ်ငန်းများသတ်မှတ်၍ အကောင်အထည်ဖော်ကြကြောင်း၊ သို့သော် အဆိုပါ ရည်ရွယ်ချက်များသည် အားလုံးအတွက် လွှမ်းခြုံမှုရှိ၊ မရှိနှင့် ချိတ်ဆက်မှု ရှိမနေကြောင်း၊ ထိုရည်ရွယ်ချက်များ ချမှတ်စဉ်နှင့် လက်ရှိ အနေအထားများသည်လည်း ကွဲပြားနေပြီ ဖြစ်နိုင်ကြောင်း၊ ရလဒ်တိုင်းတာရန်အတွက် မေးခွန်းများအနေဖြင့် theory of change အရ work plan ပါ လုပ်ငန်းများ သည် ရည်ရွယ်ချက်အား မည်ကဲ့သို့ ချိတ်ဆက်ထိမိနေသနည်း၊ ရည်ရွယ်ချက်များကို မည်ကဲ့သို့ သတ်မှတ်ကြသနည်း၊ EITI ရလဒ်များကို ကောင်းမွန်စွာနားလည်ပြီး နိုင်ငံ၏ ကြီးမားသော ဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားရေး သက်ရောက်မှုကို ဦးတည်နိုင်မှု ရှိ၊ မရှိ၊ မည်သူက အကဲဖြတ်တိုင်းတာနေသနည်း၊ သက်သေသာဓက (Evidence) များကို ရလဒ်များအဖြစ် မည်ကဲ့သို့ အသုံးပြုနေသနည်း၊ အကောင်အထည်ဖော်မှု တိုးတက်ရန်တွေ့ရှိချက်များအား မည်ကဲ့သို့ အသုံးချနေသနည်း စသည့်အချက်များကို စဉ်းစားဆွေးနွေးကြရန် လိုအပ်ကြောင်း၊

(၆) အနှစ်ချုပ်အနေဖြင့် Validation ခရီးစဉ် မလာခင် အစုအဖွဲ့အားလုံးက EITI ဘာကြောင့် အကောင်အထည်ဖော်နေသည်ဆိုသည့် ဘုံရည်ရွယ်ချက်များ သတ်မှတ်ချမှတ်နိုင်ရန် ၊ ထို့နောက်မှ မည်သည့်အချိန်တွင် ဆွေးနွေးနိုင်မည်ဟု Timeline နှင့်ဆွေးနွေးကြမည့်ပုံစံများဆွေးနွေးနိုင်ရန်၊ EITI အကောင်အထည်ဖော်ခြင်းဖြင့် မည်သည့်ရည်မှန်းချက်များ ဖြစ်ချင်သည်ဟု ဘုံရည်မှန်းချက် သတ်မှတ်နိုင်ရန်၊ ထိုသို့ ဆွေးနွေးခြင်းဖြင့် MSG အခန်းကဏ္ဍအား ရှင်းလင်းစေရန်အတွက် ဆွေးနွေးရန် စသည်တို့ဖြစ်ကြောင်း၊ မိမိ၏ တင်ပြချက်များသည် အနှစ်ချုပ်တင်ပြခြင်းဖြစ်ပြီး မည်ကဲ့သို့ ဆောင်ရွက်သင့်သည်များကို MSG အနေဖြင့် ဝိုင်းဝန်းဆွေးနွေးပေးကြရန် စသဖြင့် တင်ပြခဲ့သည်။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း ကိုယ်စားလှယ်၏ တင်ပြချက်များဖြစ်သည့်အတွက် မည်သည့်အချိန်တွင် အကောင်အထည်ဖော်သင့်သည်ကိုလည်း အကြံပြုဆွေးနွေးပေးရန် ပြန်လည် အဆိုပြုဆွေးနွေးခဲ့သည်။

(၇) တင်ပြခဲ့သည့် အရပ်ဘက်ကဏ္ဍကိုယ်စားလှယ်ကလည်း မိမိအနေဖြင့် EITI နှင့်ပတ်သက်ပြီး နိုင်ငံတော်အဆင့် ရည်ရွယ်ချက်များရှိနေသော်လည်း မိမိတို့ သုံးပွင့်ဆိုင်အတွင်း ဘုံရည်ရွယ်ချက်များ ရှိမနေသည်ဟု ထင်မြင်ကြောင်း၊ မည်ကဲ့သို့ အပြောင်းအလဲများ ဖြစ်စေချင်သည်၊ မည်သည့်ရလဒ်များ ရလဒ်များ ထွက်ပေါ်စေချင်သည်ကို သတ်မှတ်ကြရန်လိုအပ်သည်ဟု ထင်မြင်ကြောင်း၊ အကြံပြု လိုသည်မှာ လုပ်ငန်းခွဲကော်မတီတစ်ခုခုအား တာဝန်ပေးခြင်းဖြစ်စေ သို့မဟုတ် MSG အားလုံးပါဝင်၍ ဆွေးနွေးခြင်းပဲ ဖြစ်စေ ဆောင်ရွက်စေချင်ကြောင်း အကြံပြုခဲ့သည်။

(၈) MSG ဥက္ကဋ္ဌကလည်း "မိမိအနေဖြင့် အဆိုပါအကြောင်းအရာနှင့်ပတ်သက်၍ MSG ဥက္ကဋ္ဌအနေဖြင့် အားလုံးကိုယ်စား ဦးဆောင်ဆွေးနွေးလိုကြောင်း၊ မိမိတို့ EITI အတွက် မရှိမဖြစ် လိုအပ်သည့် အခြေအနေလည်းဖြစ်ကြောင်း၊ Strategic Goal အား Timeline နှင့်အညီ ဆောင်ရွက်ရန်သည် အရေးကြီးသည်ဟု သိရှိကြောင်း၊ မိမိတို့ EITI အကောင်အထည်ဖော်ရန်အတွက် နိုင်ငံတကာ အတွင်းရေးမှူးရုံး၏ လိုအပ်ချက်အတိုင်း Champion သတ်မှတ်ခြင်း၊ ဦးဆောင်ကော်မတီ ကော်မတီ ဖွဲ့စည်းခြင်း၊ လုပ်ငန်းကော်မတီ၊ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ ဖွဲ့စည်းခြင်း စသည့်အဆင့်များ ဖွဲ့စည်း ဆောင်ရွက်ခဲ့ကြောင်း၊ စံနှုန်းအနေဖြင့် ၂၀၁၆ စံနှုန်း နှင့်ဆောင်ရွက်ခဲ့ပြီး ၂၀၁၉ စံနှုန်း အသစ်ကိုလည်း ပြည့်မီနိုင်ရန် အဆင့်ဆင့် အကောင်အထည်ဖော်ခဲ့ကြောင်း၊ validation ရလဒ်များထွက်ပေါ်ခြင်းများ ရှိလာပြီဖြစ်ကြောင်း၊ Beneficial Ownership ဆိုလျှင် မိမိတို့နိုင်ငံအနေဖြင့် အခြားနိုင်ငံများထက် ခြေလှမ်းရှေ့ပြေး၍ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ နိုင်ငံတကာ EITI ကလည်း သုံးနှစ်တစ်ကြိမ်ခန့် Validation ပြုလုပ်လေ့ရှိကြောင်း၊ Validation ပြုလုပ်ပြီးနောက် ပြုပြင်ဆောင်ရွက်ရမည့် Corrective actions များ သတ်မှတ်ပြီး ပြည့်မီနိုင်ရန် ဆောင်ရွက်ကြရကြောင်း၊ မဆောင်ရွက်နိုင်ပါက validation အဆင့်များ လျော့ကျသွားခြင်းများရှိကြောင်း၊ စံနှုန်းတွင် ပါဝင်၍ အကဲဖြတ်သုံးသပ်ရမည့်လုပ်ငန်းစဉ်များရှိသည်ဟု သိရှိရသည့်အခါ မည်သို့မည်ပုံအကောင်အထည်ဖော်ရမည်ကို MSG မှာဆွေးနွေးပြီး နောက် Champion နှင့် ဦးဆောင် ကော်မတီထံတင်ပြသည်ဖြစ်စေ ဦးတည်ချက်ချမှတ်၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုအခြေအနေသည် နိုင်ငံတကာ အတွင်းရေးမှူးရုံးနှင့် နှစ်ဦးနှစ်ဖက်ဆွေးနွေးပြီး ၎င်းတို့ဘက်က ဆွေးနွေးလာသည့်အခြေအနေသာဖြစ်ကြောင်း၊ မည်သည့်အချက်များ ဆောင်ရွက်ရန်ရှိသည်ကို နိုင်ငံကိုဖြစ်ဖြစ်၊ အစိုးရကိုပဲဖြစ်ဖြစ် နိုင်ငံတကာအတွင်းရေးမှူးရုံးအနေဖြင့် တရားဝင် အကြောင်း ကြားလာသင့်ကြောင်း၊ မိမိအကြံပြုလိုသည်မှာ အဆိုပါ Assessment အတွက် ကြိုတင် ပြင်ဆင်ထား သည့်အနေဖြင့် သက်ဆိုင်ရာလုပ်ငန်းခွဲကော်မတီတွင် အသေးစိတ်ဆွေးနွေးဖို့ အကြံပြု ကြောင်း၊ ၎င်းတို့ဆီမှ တရားဝင်အကြောင်းကြားမလာသေးသော်လည်း မိမိတို့အတွက် လက်တွေ့လည်း ဖြစ်ပြီး အစုအဖွဲ့တစ်ခုထဲက အမြင်မဟုတ်ဘဲနှင့် အားလုံးပါဝင်သော ခိုင်မာသည့် ရည်မှန်းချက်များ ချမှတ်ခြင်း၊ ချမှတ်ထားသည့် ရည်မှန်းချက်များအား အကြီးအကဲများထံ တင်ပြထားမည်ဖြစ်ကြောင်း၊ အခက်အခဲ ရှိခဲ့လျှင်ပင် အကောင်အထည်ဖော်နိုင်သည့်အနေအထားဖြစ်လာမည်ဖြစ်ကြောင်း၊ နိုင်ငံတော် အဆင့်မှ

ပါဝင်လာပြီး Political Will ရှိလာမှ ပိုအောင်မြင်မည်ဟုထင်မြင်ကြောင်း" စသဖြင့် ဆွေးနွေး မှာကြားခဲ့သည်။

(၉) အရပ်ဘက်ကိုယ်စားလှယ်ကလည်း ရလဒ်များကို တိုင်းတာရန် စံနှုန်းတွင် တရားဝင်ပါထားပြီး ဖြစ်သည်ဟု ၎င်းတို့ နိုင်ငံတကာအတွင်းရေးမှူးရုံးက ပြောကြားထားကြောင်း ဆွေးနွေးခဲ့သည်။ ဥက္ကဋ္ဌက လည်း Validation ကဲ့သို့ပင် ဖြစ်မည်ဟု ထင်မြင်ကြောင်း၊ ၎င်းတို့ နိုင်ငံအတွင်းရေးမှူးရုံးနှင့် သေချာပြန်ဆွေးနွေးသင့်ကြောင်းလည်း ဆွေးနွေးခဲ့သည်။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း ယနေ့အစည်းအဝေး၌ အရပ်ဘက်ကဏ္ဍမှ Impact များအား တိုင်းတာရန် တရားဝင်တင်ပြခဲ့ပြီး နိုင်ငံတကာအတွင်းရေးမှူးရုံးသို့ တရားဝင်စာတင်ပြီး ဆုံးဖြတ်ချက်၍ ဆောင်ရွက်သင့်ကြောင်း ဆွေးနွေး ခဲ့သည်။

(၁၀) National Coordinator ကလည်း Impact Assessment ဆိုသည်မှာ နိုင်ငံတကာ အတွင်းရေးမှူးရုံးက ပြော၍ ဆောင်ရွက်ခြင်းထက် လုပ်ကိုလုပ်ရမည့်အကြောင်းအရာဖြစ်ကြောင်း၊ စကားအရဆွေးနွေးခြင်းထက် ထိထိရောက်ရောက်ဆောင်ရွက်ကြရန်နှင့် Conflict of interest မရှိစေရန်အတွက် Third Party အဖွဲ့ အစည်းတစ်ခုခုက လွတ်လပ်စွာ ဆောင်ရွက်သည့်ပုံစံဖြစ်ရန် လိုအပ်ကြောင်း၊ စီမံကိန်းဟု ဆိုသော်လည်း အမှန်တကယ် လက်တွေ့ကျသည့်စီမံကိန်း ဖြစ်ရန်လို ကြောင်း အကြံပြု ဆွေးနွေးခဲ့သည်။

(၁၁) အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း Third Party က ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဥက္ကဋ္ဌဆွေးနွေးခဲ့သကဲ့သို့ တရားဝင်ဖြစ်ရန်အတွက်မှု MEITI Process တွင်ပါဝင်ရန် လုပ်ငန်းစဉ်တွင် တရားဝင်ထည့်သွင်းထားရန် အကြံပြုကြောင်း ဆွေးနွေးခဲ့သည်။

(၁၂) ဒုတိယဥက္ကဋ္ဌကလည်း MSG တွင် အစုအဖွဲ့အားလုံးမှ တစ်ခုချင်းစီမဟုတ်ဘဲ ဘုံသဘောတူညီမှု ရယူနိုင်ရန်အရေးကြီးသည့်အတွက် လုပ်ငန်းခွဲ ကော်မတီတွင် အစုအဖွဲ့တစ်ခုစီမှ နှစ်ဦးစီပါသည့်အတွက် ထိုအဖွဲ့က ရလဒ်များတိုင်းတာရန် အသေးစိတ်ဆွေးနွေးကြပြီး MSG သို့ ဆက်တင်ပြ၍ မည်ကဲ့သို့ အကောင်အထည်ဖော်ကြမည်ကို ဆောင်ရွက်နိုင်ပါက အရပ်ဘက်၏ တင်ပြချက်များအား အကောင် အထည်ဖော်ရာ ရောက်မည်ဟု အကြံပြုဆွေးနွေးခဲ့သည်။

(၁၃) လုပ်ငန်းရှင်ကိုယ်စားလှယ်တစ်ဦးကလည်း EITI အကောင်အထည်ဖော်ရန်အတွက် စံနှုန်းများအား လိုက်နာခဲ့ကြောင်း၊ အားလုံးလည်းဝိုင်းဝန်းကြိုးစားနေကြကြောင်း၊ ဘုံရည်မှန်းချက်များ ရှိရန်ဖြစ်သည့် အတွက် ကောင်းမွန်ပါကြောင်း၊ တင်ပြသည့် Power Point အား တစ်ပတ်ခန့် ကြိုရရှိပါက ကောင်းမွန် ပါကြောင်း၊ ဆွေးနွေးရန်နှင့် ကြိုတင်စဉ်းစား၍ရမည် ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။ အရပ်ဘက် ကိုယ်စားလှယ်ကလည်း ဘုံရည်မှန်းချက်များမရှိသေးဟု သိမြင်ထားကြောင်းလည်း ဖြည့်စွက် ဆွေးနွေး

ခဲ့သည်။ လုပ်ငန်းရှင်ကလည်း လက်ရှိအနေအထားအရ မရှိနိုင်ခြင်းဖြစ်ကြောင်း၊ နှစ်စဉ်အစီရင်ခံစာများ နှင့် Validation လုပ်ငန်းစဉ်အတွက်ပင် အချိန်များစွာပေး၍ ဆောင်ရွက်နေကြရကြောင်း၊ မိမိအနေဖြင့် EITI ဥပဒေထွက်ရှိသည့်အနေအထားထိ မျှော်လင့်ထားပြီး MSG မလိုအပ်သည့်အနေအထားထိပင် ဖြစ်စေ ချင်ကြောင်း ပြန်လည်ဆွေးနွေးခဲ့သည်။

(၁၄) MSG ဥက္ကဋ္ဌကလည်း လေ့လာသင့်သည့် အချက်အလက်များအား စုစည်း၍ လုပ်ငန်းခွဲ ကော်မတီတစ်ခု တွင်သာ အသေးစိတ်ကြိုတင်ဆွေးနွေးကြရန်အကြံပြုကြောင်း၊ ကြိုတင်ဆွေးနွေးသည့် အခါ၌ ဥပမာအားဖြင့် ပြောကြားလိုသည်မှာ BO လုပ်ငန်းစဉ်ဆိုလျှင် သမ္မတအမိန့်စာထွက်၍ ဆောင်ရွက်ကြမည်ဟု သတ်မှတ်လိုက်ကြပြီးနောက် ဆက်လုပ်ရမည့် ရည်မှန်းချက်များချပြီး ဆောင်ရွက် ကြကြောင်း၊ ယခု Contract transparency ဆောင် ရွက်နေကြပြီး သက်ဆိုင်ရာဌာန၊ ကုမ္ပဏီများနှင့် ဆွေးနွေးနေ ကြကြောင်း၊ တည်ဆဲဥပဒေများနှင့် ချိတ်ဆက်သုံးသပ်ကြကြောင်း၊ ထို့နောက် ရည်မှန်းချက်များချ၍ ဆောင်ရွက်ကြကြောင်း၊ ထိုကဲ့သို့ ဦးတည်ချက်များချ၍ ဆောင်ရွက်စေချင်ကြောင်း၊ တစ်ဖက်တွင်လည်း NCS အနေဖြင့် အလွတ်သဘော နိုင်ငံတကာ အတွင်းရေးမှူးရုံးနှင့် ကြုံသည့် အခါတွင်လည်း Assessment နှင့်ပတ်သက်၍ မည်သည့်အနေအထားရှိသည်ကို မေးမြန်းထားပြီး မည်ကဲ့သို့ တုန့်ပြန်မှုများရှိသည်ကို မေးမြန်းထားစေချင်ကြောင်း ဆွေးနွေးခဲ့သည်။

(၁၅) အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း တရားဝင်မေးလိုက်သည်မှာ ပိုကောင်းမည်ဖြစ်ကြောင်း၊ Requirement တွင်ပါထားသည်ဟု တင်ပြချက်ထဲတွင် ပါထားကြောင်း ဆွေးနွေးခဲ့သည်။ ကိုယ်စားလှယ် တစ်ဦးကလည်း နိုင်ငံတကာအတွင်းရေးမှူးရုံးနှင့်ဆွေးနွေးစဉ်က တကယ်အကောင် အထည်ဖော်သည့် အခါ၌ လိုအပ်လျှင် နည်းပညာအကူအညီပေးမည်ဟု ၎င်းတို့မှ ပြောကြားထားကြောင်း၊ မိမိတို့အနေဖြင့် လုပ်ရကောင်းမှန်းမသိကြသေးသည့်အခြေအနေဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။ အရပ်ဘက်ကိုယ်စား လှယ်တစ်ဦးကလည်း ယနေ့အစည်းအဝေးတွင် NCS မှ ဖြစ်စေ၊ Champion သို့ တရားဝင် တင်ပြရန် ဆုံးဖြတ်ချက်ချ၍ ဆောင်ရွက်သင့်ကြောင်း အကြံပြုခဲ့သည်။

(၁၅) အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း မိမိတို့အရပ်ဘက်အနေဖြင့် နိုင်ငံတကာ အတွင်းရေးမှူးရုံးနှင့် တရားဝင်မဟုတ်ဘဲ ဆက်သွယ်နေခြင်းမျိုးမဟုတ်ကြောင်း၊ EITI Constituency တစ်ခုအနေဖြင့် တရားဝင်လမ်းကြောင်း (Channel) ကသာ ဆက်သွယ်နေခြင်းဖြစ်ကြောင်း၊ NCS ကိုပဲ တာဝန်ပေးလိုပါကလည်း တရားဝင်ဆက်သွယ်ခြင်းဖြင့်သာ ဆောင်ရွက်စေလိုကြောင်း ဆွေးနွေးခဲ့သည်။ MSG ဥက္ကဋ္ဌကလည်း ရှင်းလင်းစေချင်၍သာ တရားဝင်ဖြစ်စေရန် ပြောကြားခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းတို့ အနေဖြင့် နှစ်ဦးနှစ်ဖက် Bilateral ဆွေးနွေးသည့်ပုံစံသာဟု ထင်မြင်ကြောင်း၊ ထို့ကြောင့် မိမိတို့ ဘက်ကလည်း တရားဝင်ဆက်သွယ်၍ မရသေးဟုထင်မြင်၍သာ ဖြစ်ကြောင်းလည်း ပြန်လည် ပြောကြားခဲ့သည်။

(၁၆) ထို့နောက် စီမံကိန်းမန်နေဂျာက ပြီးခဲ့သည့်အပတ်အတွင်း၌ နိုင်ငံတကာ EITI က Validation နှင့် ပတ်သက်သည့် Webinar တစ်ခုပြုလုပ်ခဲ့ကြောင်း၊ New Model Validation ဖြစ်ကြောင်း၊ Validation group အစည်းအဝေးတွင်လည်း Webinar မှ ဆွေးနွေးချက်များအား ဆွေးနွေးခဲ့ကြကြောင်း၊ Outcome နှင့် Impact များပါဝင်ပြီးဖြစ်ကြောင်း၊ မည်ကဲ့သို့ တိုင်းတာမည်ကို စံနှုန်းလိုအပ်ချက် (၇.၄) တွင်လည်း ဖော်ပြထားကြောင်း၊ ကိုယ်စားလှယ်များသို့လည်း ၎င်းတို့မေးမြန်းထားသည့် မေးခွန်း (၄) ခုလည်း ရှိထားသဖြင့် ဇူလိုင်လ (၆) ရက်နေ့ကလည်း မေးမြန်းထားကြောင်း၊ မေးမြန်းလိုသည်များရှိပါက တရားဝင်မေးမြန်း၍ရကြောင်း စသဖြင့် ဆွေးနွေးခဲ့သည်။

(၁၇) MSG ဥက္ကဋ္ဌကလည်း မိမိအနေဖြင့် နားလည်သွားပြီဖြစ်ကြောင်း၊ New Model အရ ပါဝင်ထားပြီး ဖြစ်သဖြင့် လိုက်နာဆောင်ရွက်ရန်လိုအပ်ကြောင်း၊ လုပ်ငန်းခွဲကော်မတီ၊ Webinar နှင့် Validation Group တို့၏ ဆွေးနွေးချက်များအပေါ် အခြေခံ၍ ရည်မှန်းချက်များကို သတ်မှတ်ရန် စတင် ပြင်ဆင်နိုင်ပြီဖြစ်ကြောင်း၊ နိုင်ငံတကာ အတွင်းရေးမှူးရုံးသို့ မေးရန်မလိုအပ်ဟု ထင်မြင်ကြောင်း၊ ၎င်းတို့၏ New Model Validation ထွက်ပေါ်မလာသေးခင် ကြိုတင်ပြင်ဆင်ထား၍ ရပြီဖြစ်ကြောင်း၊ ဆွေးနွေးခဲ့သည်။

(၁၈) ထို့နောက် "EITI အကောင်အထည်ဖော်ဆောင်မှုနှင့်ပတ်သက်၍ ဘုံရည်မှန်းချက်များ၊ ရလဒ်နှင့် အကျိုးသက်ရောက်မှုများ၊ Key Performance Indicator များအား Technical and Reporting Sub-committee တွင် တက်ကြွစွာ ဆွေးနွေးချမှတ်ရန်၊ Technical and Reporting Sub-committee မှ စုံလင်စွာ တက်ရောက်ရန်၊ ၅-၈-၂၀၂၀ ရက်နေ့တွင် EITI Impact and outcome assessement နှင့် key performance များအား ဆွေးနွေးရန်၊ ၆-၈-၂၀၂၀ ရက်နေ့တွင် Final Inception Report for 1st MEITI Commodity Trading Report အား ဆွေးနွေးရန်၊ လူချင်းတွေ့ဆုံရန် အဆင်မပြေပါက အွန်လိုင်းမှ အစည်းအဝေးတက်ရောက်နိုင်ရန်အတွက် ညှိနှိုင်းဆောင်ရွက်ရန်၊ EITI Impact and outcome assessement နှင့် key performance နှင့်ပတ်သက်၍ ရရှိလာသည့်ဆွေးနွေးသဘောတူညီချက်များအား MEITI ချန်ပီယံထံ ဆက်လက်တင်ပြ၍ အတည်ပြုတရားဝင် ဖြစ်စေရန်အတွက် ဆက်လက် လုပ်ဆောင်ရန်" စသဖြင့် ဆုံးဖြတ်ခဲ့ကြသည်။

**၆။ လုပ်ငန်းကော်မတီ (Working Committee) နှင့် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ကိုယ်စားလှယ် (MSG) တို့၏ လုပ်ပိုင်ခွင့်အခန်းကဏ္ဍအား ပြန်လည် ဆွေးနွေးခြင်း**

(၁) အဆိုပါအကြောင်းအရာနှင့်စပ်လျဉ်း၍ အရပ်ဘက်ကိုယ်စားလှယ်က စတင်ဆွေးနွေးရာတွင် လုပ်ငန်းကော်မတီ၏ အစည်းအဝေးမှတ်တမ်းအား မိမိတို့ရရှိကြောင်း၊ အဆိုပါအစည်းအဝေး၌ Mining Cadastre နှင့်ပတ်သက်ပြီး ဆွေးနွေးမှုများရှိကြောင်း၊ MEITI ၌ Mining Cadastre လုပ်ငန်းခွဲကော်မတီ တစ်ခုရှိကြောင်း၊ ၎င်းတို့အား လုပ်ငန်းစဉ်အကြောင်း မေးမြန်းသည့်အခါ၌လည်း မည်သည့် အခြေအနေရောက်ရှိနေသည်ကို မသိရကြောင်း၊ Inception Report အား လုပ်ငန်းကော်မတီ အစည်းအဝေးတွင် မျှဝေရန် မေးမြန်းသည့်အခါ မျှဝေရန်လိုအပ်မှု ရှိ၊ မရှိဟု ဒုတိယဥက္ကဋ္ဌက မေးမြန်းထားသည်ဟု တွေ့ရကြောင်း၊ ဒုတိယဥက္ကဋ္ဌအနေဖြင့် MSG ToR အား ကျေလည်မနေသည် ဟုထင်မြင်ရကြောင်း၊ လုပ်ငန်းအား နောက်ပြန်ဆွဲသည့်ပုံစံရောက်နိုင်စေကြောင်း၊ နိုင်ငံတကာ အတွင်းရေးမှူးရုံးနှင့်လည်း ဆွေးနွေးဖြစ်ကြောင်း၊ ၎င်းတို့၏ အကြံပြုချက်အရ ဤအစည်းအဝေး၌ အရေးပေါ်ဆွေးနွေးရန် ဖြစ်လာခြင်းဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

(၂) အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း လုပ်ငန်းတာဝန်များနှင့်အခန်းကဏ္ဍများလည်း ရှင်းလင်းရန် လိုအပ်ကြောင်း၊ Contract Transparency အတွက်လည်း MSG တွင် ပြန်ဆွေးနွေးရန် ဆုံးဖြတ်ထားသည်ဟု သိရကြောင်း၊ အစိုးရဘက်ကပဲ လုပ်မည်ဆိုသည့်လုပ်ငန်းများလည်း အစိုးရသီးသန့် ဆောင်ရွက်မှုများလည်းရှိနိုင်ကြောင်း၊ သို့သော် ဤလုပ်ငန်းစဉ်သည် MEITI Budget နှင့်ဖြစ်ပြီး MEITI ဘောင်အတွင်းက ဆောင်ရွက်နေသည့် လုပ်ငန်းဖြစ်ကြောင်း၊ ထို့အပြင် လက်ရှိ National Coordinator ကလည်း အနားယူမည်ဖြစ်သဖြင့် စက်တင်ဘာလနောက်ပိုင်းနှင့်အစိုးရသက်တမ်းအကူးအပြောင်းတွင် ဖြစ်လာနိုင်သည်များကိုလည်း ဆွေးနွေးဖြစ်ကြကြောင်း၊ ထို့အပြင် RI နှင့် MOPFI တို့အကြား စာချုပ်ချုပ်ဆိုထားပြီး ဆောင်ရွက်ခဲ့ကြပြီး ကြားကာလတွင် Fraud ဆိုသည့်ကိစ္စများ ပေါ်လာခဲ့သော်လည်း အသေးစိတ်မသိရကြောင်း၊ MOBD ၊ RI နှင့် World Bank တို့က Contractor Arrangement အခြေအနေများကြောင့် သေချာစွာမသိရကြောင်း၊ လက်ရှိ National Coordinator နှုတ်ထွက်ရခြင်းသည် ထိုအချက်များနှင့်လည်း သက်ဆိုင်နေနိုင်ကြောင်း၊ ယခုအစည်းအဝေးတွင် ၎င်းအချက်များ၏ သက်ရောက်မှုများကိုလည်း ဆွေးနွေးရမည်ဖြစ်ကြောင်း၊

(၃) အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း MSG က ဆုံးဖြတ်ချက်များချရကြောင်း၊ ပြီးနောက်မှ လုပ်ငန်း ကော်မတီတွင် ဆွေးနွေးရကြောင်း၊ လုပ်ငန်းကော်မတီမှ MSG တွင် ပြန်ဆွေးနွေးရန် ဆုံးဖြတ်ခြင်းသည် နောက်ပြန်ဆွဲသကဲ့သို့ ဖြစ်နေကြောင်း ဖြည့်စွက်ဆွေးနွေးခဲ့သည်။

(၄) ဒုတိယဥက္ကဋ္ဌကလည်း Mining Cadastre နှင့်ပတ်သက်၍ အခြေအနေမှန်ကို ဆွေးနွေးလိုကြောင်း၊ EITI လုပ်ငန်းစဉ်၏ အောက်တွင် Mining Cadastre အား အကောင်အထည်ဖော်ရာတွင် မိမိတို့ MONREC

ဝန်ကြီးဌာနအနေဖြင့် Focal အနေဖြင့်ဆောင်ရွက်နေရကြောင်း၊ Cadastre တွင်ပါသည့်ဒီဇိုင်းအား မည်ကဲ့သို့တည်ဆောက်မည်လဲ စဉ်းစားကြရကြောင်း၊ MONREC Mining Cadastre Working Committee တွင် မိမိမှ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်က ဒုတိယဥက္ကဋ္ဌ အနေဖြင့် လည်းကောင်း၊ သက်ဆိုင်ရာ ဘူမိဗေဒလေ့လာရေးနှင့်ဓါတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ အမှတ် (၁) သတ္တုတွင်းလုပ်ငန်း၊ အမှတ် (၂) သတ္တုတွင်းလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်း စသည့်ဌာနများမှ ဦးဆောင်ညွှန်ကြားရေးမှူးများက အဖွဲ့ဝင်များအဖြစ် ဆောင်ရွက်နေကြကြောင်း၊ မိမိတို့ကော်မတီအတွင်း တကယ်အသုံးဝင်မည့် ဒီဇိုင်းအား အကြိမ်ကြိမ် ဆွေးနွေးပြီးမှသာ ဒီဇိုင်းများကို တင်ဒါအောင်သည့်ကုမ္ပဏီကိုပြောရကြောင်း၊ ဒီဇိုင်းအတည်ပြုပြီးလျှင် ဖွဲ့စည်းပုံအား ပုံဖော်ရကြောင်း၊ ဝန်ကြီးဌာနအတွင်း ဌာနတွေအကြား ဒီဇိုင်းအား အသေးစိတ်ဆွေးနွေးကြကြောင်း၊ လုပ်ငန်းတာဝန်အရ Inception Report ကို အတည်ပြုနိုင်ရန် ဆောင်ရွက်နေကြကြောင်း၊ Inception Report သည် MEITI Mining Cadastre Sub-committee ထံ မည်သို့ ရောက်သွားသည်ကို မသိလိုက်ကြောင်း၊ မသိဘဲနှင့် အဆိုပါကော်မတီမှ ထွက်လာသည့်အခြေအနေများကို လုပ်ငန်းကော်မတီ တွင် သိလိုက်ရ ကြောင်း၊ ဒီဇိုင်းအတည်မပြုရသည့်အခြေအနေတွင် နှစ်ဖက်ဆွေးနွေးနေသည့်အတွက် နှစ်ဖက် အခြေအနေညှိရန် ခက်ခဲကြောင်း၊ ဒီဇိုင်းအား အတည်မပြုရသေးသည့် အခြေအနေ ဖြစ်သည့် အတွက် MONREC အတွင်း သေချာ ဆွေးနွေးပြီးနောက် အခြေအနေသင့်တော်မှသာ မျှဝေရန် စီစဉ်ထားကြောင်း၊ ကုမ္ပဏီသည် နိုင်ငံခြားကုမ္ပဏီဖြစ်သည့်အတွက် ကိုဗစ်-၁၉ အခြေအနေများကြောင့် Consultant မှလည်း မြန်မာနိုင်ငံသို့ မလာနိုင်ကြောင်း၊ မိမိအနေဖြင့် MEITI ဘတ်ဂျက်ဖြင့် ဆောင်ရွက်နေသည်ဖြစ်သဖြင့် ဆောင်ရွက်နေသည့် Mining Cadastre လုပ်ငန်း အကောင်အထည် ဖော်မှုအခြေအနေများအား MEITI လုပ်ငန်းကော်မတီတွင် ဆွေးနွေးခွင့်ရရန် ဥက္ကဋ္ဌဖြစ်သည့် ဦးမောင်မောင်ဝင်းထံ ခွင့်ပြုချက်တင်ပြပြီးမှသာ ဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း၊ အခြား လုပ်ငန်းနှောင့်နှေး စေလိုသည့်ရည်ရွယ်ချက်မရှိကြောင်း စသဖြင့် ဆွေးနွေးခဲ့သည်။

(၅) MSG ဥက္ကဋ္ဌကလည်း "MSG သည် ကဏ္ဍ (၃) ခုနှင့်စုဖွဲ့ထားခြင်းဖြစ်ကြောင်း၊ ဆောင်ပုဒ်သည်ပင် "ပွင့်လင်းမြင်သာတာဝန်ယူပါ" ဟုဖြစ်ကြောင်း၊ စေတနာအခြေခံပြီး ဆောင်ရွက်နေကြ ခြင်းဖြစ်ကြောင်း၊ ယခင်အစိုးရသက်တမ်းတွင် Champion သည် သမ္မတရုံးဝန်ကြီးမှ ဖြစ်ပြီး ကျန်သည့် ဝန်ကြီးလေးပါး ပါဝင်၍ ဦးဆောင်ကော်မတီဖွဲ့စည်းကာ ဦးဆောင်အကောင်အထည်ဖော်ခဲ့ကြောင်း၊ ထို့နောက် ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအနေဖြင့် လုပ်ငန်းကော်မတီတွင် ပါဝင်ဖွဲ့စည်းကြောင်း၊ ဆက်လက်၍ နိုင်ငံတကာအတွင်းရေးမှူးရုံး၏ လိုအပ်ချက်အရ MSG အား ဆက်လက်ဖွဲ့စည်းကြောင်း၊ MSG အနေဖြင့် EITI လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရန်အတွက်ကို တစ်နိုင်ငံလုံးစာ လိုအပ်ချက်များကို ဆုံးဖြတ်ချက်ချပေးကြောင်း၊ ထို့နောက် လုပ်ငန်းကော်မတီ၊ ဦးဆောင်ကော်မတီတို့၏ အားကိုယူ၍ အကောင်အထည်ဖော်ကြကြောင်း၊ လုပ်ငန်းကော်မတီသည် ရည်ရွယ်ချက်အရ ဦးဆောင်ကော်မတီကို တာဝန်ခံရကြောင်း၊ အစုအဖွဲ့များနှင့် လက်တွဲ ဆောင်ရွက်ရန်တာဝန်နှင့် NCS နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း များရှိကြောင်း၊ မည်ကဲ့သို့ဖြစ်စေ အစိုးရအစုအဖွဲ့၏ လုပ်ငန်းများကို အကောင်အထည်ဖော်နိုင်ရန်

အတွက် ဖြစ်ကြောင်း၊ အစိုးရဘက်က လုပ်ငန်းအများစုကို လုပ်ရမည့်ကိစ္စရပ်များကို ဆောင်ရွက်ရမည့်ကိစ္စများရှိသဖြင့် လုပ်ငန်းကော်မတီမှ ဆွေးနွေးပြီးနောက် ဦးဆောင်ကော်မတီက လက်ခံပြီးပါက အကောင် အထည်ဖော်ရကြောင်း၊ MSG မှ ချလိုက်သည့်ဆုံးဖြတ်ချက်များကို လုပ်ငန်းကော်မတီက အကောင်အထည်ဖော်နိုင်ရန်အတွက် ဆွေးနွေးတင်ပြရကြောင်း၊ လုပ်ငန်းကော်မတီက MSG အနေဖြင့် ပြန်သုံးသပ်သင့်သည်များရှိသည့်အခါ ပြန်လည် ဆွေးနွေးဖို့ ဆုံးဖြတ်ရသည်များရှိကြောင်း၊ ဥပမာအားဖြင့် Mining Cadastre ပတ်သက်၍ ဆုံးဖြတ် ထားသည့်အခြေအနေများရှိပြီး မကျေလည်သည့် အကြောင်းအရာဖြစ်ပါက MSG တွင် ပြန်လည် ဆွေးနွေးရန် စိစစ်ရသည်များရှိကြောင်း၊ လိုအပ်ပါက ဦးဆောင်ကော်မတီထံ တင်ပြရသည်များရှိကြောင်း၊ Contract Transparency သမ္မတရုံးအမိန့်စာ ထွက်ရှိရန်အတွက် သမ္မတရုံးသို့ တိုက်ရိုက်တင်၍ မရကြောင်း၊ အကြောင်းအရာ မရှင်းလင်းသဖြင့် ပြန်မေးသည့်အခါ၌ ဌာနများအတွင်း မရှင်းလင်းပါက ရှေ့မရောက်နိုင်ကြောင်း၊ ထို့ကြောင့် လုပ်ထုံးလုပ်နည်း (Procedure) အတိုင်း ပြုလုပ်နိုင်ရန် ပြောခြင်းဖြစ်ကြောင်း၊ သမ္မတရုံးသည် နိုင်ငံတစ်ခုလုံးအား တာဝန်ခံရသည့်အတွက် အလုပ် အလွန်များပြားကြောင်း၊ MEC နှင့် MEHPCL တို့သည် SOE ဟုတ်၊ မဟုတ်ဆိုသည်ကို လွှတ်တော်သို့ မေးမြန်းရန်အကြောင်းအရာသည် နားလည်မှုလွဲနေခြင်း ဖြစ်ကြောင်း၊ လွှတ်တော်သည် ဥပဒေပြုရေး ဖြစ်ပြီး အစိုးရသည် အုပ်ချုပ်ရေးအား တာဝန်ရကြောင်း၊ ၁၉၆၂ ခုနှစ်တွင် လွှတ်လပ်သည့်ဘုတ်များ၊ cooperation များရှိကြောင်း၊ ၁၉၆၂ မှ ၁၉၆၅ ခုအကြား၌ အစိုးရအောက်သို့ ရောက်ရှိလာသည့် ဘုတ်များ၊ cooperation များ ဖြစ်လာကြောင်း၊ ၁၉၇၆ မှ ၁၉၇၈ အတွင်း၌ လွတ်လပ်သည့်နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းများဖြစ်လာကြောင်း၊ စသဖြင့် အဆင့်ဆင့်ပြောင်းလဲလာသည့်အခါ အရေအတွက်များလည်း အနည်း အများ အတက်အကျ ဖြစ်လာကြောင်း၊ ယခုဆိုလျှင် SEE (၃၂) ခု ရှိကြောင်း၊ SEE ဖြစ်သည့်အတွက် နိုင်ငံတော်၏ ဘတ်ဂျက် အရအသုံးတွင် ပါကိုပါရကြောင်း၊ သိရှိလိုပါက ဘတ်ဂျက်စာရင်းကြည့်သည့်အခါ၌ အဆိုပါစာရင်းတွင် SEE များ ပါဝင်ရကြောင်း၊ သို့သော် MEC ၊ MEHPCL တို့သည် အများပိုင်များဖြစ်သဖြင့် SEE များ မဟုတ်ကြကြောင်း၊ လွှတ်တော်ကလည်း မသိနိုင်ပါကြောင်း၊ အစိုးရပိုင်းကိုသာ မေးမြန်းကြရန် ဖြစ်ကြောင်း၊ မေးသည့်အခါ MOPFI ကို မေး၍ရကြောင်း၊ လုပ်ငန်းကော်မတီတွင် ဆွေးနွေးစဉ်က မေးခွန်းမေးသည့်အခါ သက်ဆိုင်ရာဌာနကိုဘဲ မေးမြန်းရန်နှင့် လမ်းကြောင်းမှန်စွာ ပြန်တင်စေရန် ဆွေးနွေးခဲ့ကြောင်း၊ အစိုးရဌာနတွေပဲ ပါသည့် ဖြစ်သည့်အတွက် လမ်းကြောင်းမှန်စွာ ဆွေးနွေးနိုင်ရန် MSG မှ ပြန်လည်ဆွေးနွေးရန် ပြောခြင်းဖြစ်ကြောင်း၊ လုပ်ငန်းကော်မတီနှင့် MSG အား အပြန်အလှန် ဆောင်ရွက်စေခြင်းဖြင့် လုပ်ငန်း နှောင့်နှေးစေချင်၍ မဟုတ်ကြောင်း၊ နားလည်သဘောပေါက်ရန် အတွက် သတင်းစာရှင်းလင်းပွဲများတွင်လည်း Other Account (OA) ကိစ္စဆိုလျှင် မိမိအနေဖြင့် မကြာခဏရှင်းနေရကြောင်း၊ ပြည်သူ့ငွေစာရင်းဥပဒေအကြောင်းအရာများနားလည်ထားမှသာ အဆင်ပြေမည်ဖြစ်ကြောင်း၊ NRGI တို့မှ သုံးသပ်ထားသည့်အစီရင်ခံစာများတွင်လည်း အကြံပြုချက်များသည် တကယ်လက်တွေ့နှင့် ကင်းကွာနေသည်ကို တွေ့ရကြောင်း၊ NCS ၏ စာရင်းစစ် အစီရင်ခံစာ ကိစ္စအား မိမိတို့အနေဖြင့် မြန်ဆန်စေချင်ကြောင်း၊ ကမ္ဘာ့ဘဏ်နှင့် ဆောင်ရွက်ထားသည့် ကိစ္စဖြစ်သည့် အတွက် စတင်ဆောင်ရွက်စဉ်ကတည်းကမှ သမ္မတရုံးသို့တင်ပြ၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက

စစ်ဆေးကြောင်း၊ စာရင်းစစ်ချုပ်ရုံးကလည်း အထူးအဖွဲ့ဖွဲ့၍ သွားရောက်စစ်ဆေးကြောင်း၊ ထို့နောက် မြန်မာပြန် အစီရင်ခံစာရလာကြောင်း၊ ကမ္ဘာ့ဘဏ်သို့ အစီရင်ခံစာထွက်ရှိကြောင်း ပြောကြားပြီးနောက် ကမ္ဘာ့ဘဏ်မှ အင်္ဂလိပ်ဘာသာသို့ပြန်ဆိုကြောင်း၊ ၎င်းတို့ဘာသာပြန်ထားမှုအား စာရင်းစစ်ချုပ်ရုံးသို့ ပို့ပေးရကြောင်း၊ စာရင်းစစ်ချုပ်ရုံးကလည်း ဘာသာပြန်ထားသည့်အသုံးအနှုန်းအား စာရင်းအသုံးအနှုန်း များနှင့်ကိုက်ညီမှု ရှိ၊ မရှိ သုံးသပ်စိစစ်ပြီးမှ ယခုတွင် ကမ္ဘာ့ဘဏ်သို့ ပြန်ပေးပို့ထားပြီဖြစ်ကြောင်း၊ ကမ္ဘာ့ဘဏ်၏ သုံးသပ်ချက်ရရန် အမြဲတမ်းနှိုးဆော်ပေးနေကြောင်း ပြောကြားခဲ့သည်။

(၆) MSG ဥက္ကဋ္ဌက ဆက်လက်ပြောကြားရာ၌ NCS ၏ အနာဂတ်အခြေအနေသည် MSG အတွက်ပင်မက အစိုးရအတွက်ပါ အရေးကြီးကြောင်း၊ ယခုအခြေအနေတွင် အစိုးရအကူးအပြောင်းကာလလည်း ဖြစ်ကြောင်း၊ ကမ္ဘာ့ဘဏ်ရန်ပုံငွေနှင့်ဆောင်ရွက်နေသဖြင့် ကမ္ဘာ့ဘဏ်၏ မူဝါဒအရ NCS ကို တိုက်ရိုက် ပေး၍ မရသဖြင့် MOPFI ကိုပေးကြောင်း၊ MOPFI အား G to G ပေးပြီးနောက် MOPFI မှ RI နှင့် MoU ထိုးပြီး ဆောင်ရွက်ကြောင်း၊ ကမ္ဘာ့ဘဏ်အနေဖြင့် MoU သက်တမ်းကုန်သွားသည့်အခါ သုံးစွဲ၍ မရတော့ကြောင်း၊ MoU သက်တမ်းတိုးရန် မရနိုင်တော့ကြောင်း ပြောကြားထားကြောင်း၊ တစ်ဖက် တွင်လည်း ဖွဲ့စည်းသည့်အမိန့်စာများတွင် ယခုလက်ရှိအစိုးရလက်ထက်တွင် ဦးဆောင်ကော်မတီ၊ လုပ်ငန်းကော်မတီ စသဖြင့်ရှိပြီး RI သည် NCS ဖြစ်သည့်အတွက် RI ကို တာဝန်ပေးထားကြောင်း၊ အစိုးရကတာဝန်ပေးထားသည့်အတွက် RI သည် သက်တမ်းအတွင်း တာဝန်ယူဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် MoU ကုန်သွားသည့်အခါတွင် အသုံးစရိတ်များ မရှိတော့သည့်အတွက် အောက်တိုဘာလမှ ဒီဇင်ဘာလ နှင့် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအထိ ရန်ပုံငွေရှိရန်အတွက် တစ်ဖက်တွင် Development Partner များနှင့် ဆွေးနွေးမှုများရှိသကဲ့သို့ အခြားနည်းလမ်းအနေဖြင့် အစိုးရဘတ်ဂျက်မှ ကျခံ၍ ရ၊ မရ စီစဉ်နိုင်ရန် အစိုးရဘက်တွင်ဆွေးနွေးနေကြောင်း၊ ထိထိရောက်ရောက် အခြေအနေမသိရသေးကြောင်း၊ အစိုးရ သက်တမ်းရှိသည့်အတွက် RI အနေဖြင့် တာဝန်အနေဖြင့် ရှိနေကြောင်း၊ National Coordinator ၊ RI တို့နှင့်ဆွေးနွေးပြီးနောက် MSG သို့ ပြန်လည်မျှဝေမည်ဖြစ်ပြီး အဆင့်ဆင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

(၇) MSG ဥက္ကဋ္ဌမှ ဆက်လက်ပြောကြားရာ၌ NCS ရုံး၊ National Coordinator ခန့်အပ်မှုများအား နောက်အစိုးရတွင်လည်း လုပ်ရမည်ဖြစ်ကြောင်း၊ နောက် အစိုးရသက်တမ်းအကူးအပြောင်းတွင် မကြန့်ကြာစေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကြားကာလအတွင်း နှောင့်နှေးကြန့်ကြာမှုများ မရှိစေရန်အတွက် MOPFI အနေဖြင့် NCS အဖြစ်တာဝန်ယူထားသည့် RI နှင့် ဆွေးနွေးခြင်း၊ လုပ်ငန်းကော်မတီကို တာဝန်ပေးခြင်း၊ လိုအပ်ပါက ကမ္ဘာ့ဘဏ်၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များနှင့် ဆွေးနွေးခြင်း၊ ရန်ပုံငွေမရရှိပါက နိုင်ငံတော်က ကုန်ကျခံနိုင်ရန်အတွက် ဆွေးနွေးခြင်း များအား ယခုအခြေအနေတွင် ရလဒ်အတိအကျ မပြောနိုင်သေးသော်လည်း စဉ်ဆက်မပြတ် စီစဉ်ဆောင်ရွက် နေကြောင်း စသဖြင့် ပြောကြားခဲ့သည်။

No.13 (A), Mya Yadanar Street, 16 Ward, Baukhtaw,
Yankin Township.Yangon 11081
Tel.: +95 1 401 178, Mobile: +95 9 400 888 123
E-mail: info@myanmareiti.org
www.myanmareiti.org

Fiscal Policy, Strategy and EITI Division,
Budget Department,
Office No. (26), Naypyidaw
Tel.: +95 67 410 533
E-mail: meitioffice.mopf@myanmareiti.org

(၈) အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း ဆွေးနွေးပေးခဲ့သည့် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌအား ကျေးဇူးတင်ကြောင်း၊ Mining Cadastre Inception Report အား လက်ခံ ရရှိပြီး အဆိုပြု Model များလည်း တွေ့ရကြောင်း၊ သို့သော် Model များနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာန၏ လုပ်ငန်းများအား ဝင်ရောက်စွက်ဖက်မည်စိုးသဖြင့် မပေးခြင်းဟု မှတ်ယူမိကြောင်း၊ ထို့ကြောင့် Mining Cadastre နှင့်ပတ်သက်၍ အစည်းအဝေး မှတ်တမ်းများကို မျှဝေပေးရန် တောင်းဆိုပါကြောင်း၊ သို့မှသာ လုပ်ငန်းစဉ် မည်သည့်အနေအထားရောက်နေသည်ကို သိရှိနိုင်မည်ဖြစ်ကြောင်း၊ အချိန်ကာလ Timeline အရ နှောင့်နှေးမှုမရှိစေရန် အတွက်ဖြစ်ပြီး လိုအပ်လျှင်လိုအပ်သလို နှိုးဆော်နိုင်ရန်ဖြစ်ကြောင်း၊ DICA နှင့်ဆောင်ရွက်ခဲ့သည့် BO လုပ်ငန်းစဉ်တွင် အဆိုပါဌာနအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိခဲ့ကြောင်း၊ မိမိအနေအထားရောက်ရှိနေသည်ကို သိရှိရကြောင်း၊ ဥက္ကဋ္ဌ ဆွေးနွေး သွားသည့်အနက် Contract transparency သမ္မတရုံးအမိန့်စာကိစ္စအား ငြင်းဆိုစရာမရှိကြောင်းနှင့် ကျေးဇူးတင်ပါကြောင်း၊ MEC ၊ MEHPCL ကိစ္စအား အစိုးရကို မေးမြန်းရန် ပြောကြားခြင်းအား ကျေးဇူး တင်ပါကြောင်း၊ Validation မှာဆွေးနွေးထားသည်ဖြစ်သဖြင့် မိမိတို့အတိုင်းအတာဖြင့် မဖြစ်နိုင်သည့် အတွက် ပြည်သူလူထုက တင်ပြထားသည့် လွှတ်တော်က ဆုံးဖြတ်ပေးရန် တင်ခြင်းဖြစ်ကြောင်း၊ အစိုးရတစ်ခုဆိုသည်ထက် Institution တစ်ခုနှင့်ဆက်နွယ်နေသည်ဖြစ်သည့်အတွက် ထိုကဲ့သို့ ဆုံးဖြတ်ခြင်းဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

(၉) အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း MEC, MEHL အား အစိုးရက SEE သို့မဟုတ် Private ဆိုသည်ကို ပြောဆိုရန်အတွက် ဥပဒေများ ရှိသည်၊ မရှိသည်ကတစ်ပိုင်း၊ ၎င်းတို့ပြောနေသည့် MEHPCL ဟု အခေါ်အဝေါ်အတိုင်း သတ်မှတ်ပြောရန်ခက်ခဲကြောင်း၊ နိုင်ငံတကာ EITI က မေးမြန်းထားခြင်းသည် Extractive အနေဖြင့် မေးမြန်းထားခြင်းဖြစ်ပြီး Ministry of defence နှင့်ပတ်သက်၍ သေချာစွာ မသိသည့်အတွက် မိမိတို့အနေဖြင့်လည်း ပြန်လည်ဖြေကြားရန်မရှိကြောင်း ပြောကြားထားကြောင်း၊ ဆုံးဖြတ်ပေးခဲ့သည့်အချက်များအတွက် ကျေးဇူးတင်ပါကြောင်း၊ နောင်အစည်းအဝေးများတွင်လည်း ထိုကဲ့သို့ပင် အဖြေများရရှိရန်မျှော်လင့်ပါကြောင်း၊ ထို့အပြင် အရပ်ဘက်ကဏ္ဍနှင့်စပ်လျဉ်း၍ အရပ်ဘက် ကဏ္ဍ၏ အခန်းကဏ္ဍသည် EITI တွင် တိုက်တွန်းနှိုးဆော်ခြင်းနှင့် မေးမြန်းများမေးရန်ဖြစ်သဖြင့် မေးခွန်းများမေးမြန်းခြင်း၊ တိုက်တွန်းခြင်းများ ဖြစ်ပါကြောင်း၊ မေးမြန်းများ မေးခြင်းကြောင့် contract transparency ညှိနှိုင်းအစည်းအဝေး တစ်ခုဆိုလျှင် နှစ်နှစ်ခန့် ပြန်ပေးဆွဲမည်ဟု ခြိမ်းခြောက်မှုများ ရှိကြောင်း၊ Positive thinking မရှိသူနှင့် မပြောချင်ပါဟု မကြားတကြားပြောဆိုမှုများရှိကြောင်း၊ ထိုအခြေအနေများအား အခြားကဏ္ဍများအနေဖြင့် နားလည်ပေးစေချင်ကြောင်း၊ တစ်ဖက်နှင့်တစ်ဖက် နားလည်မှုရှိရန်လိုအပ်ကြောင်း၊ Code of Conduct အနေဖြင့် ရေးဆွဲသတ်မှတ်ကြမည်လားဆိုသည်ကို ဆုံးဖြတ်ပေးစေချင်ကြောင်း၊ ဤအစည်းအဝေး၌ တရားဝင် တင်ပြခြင်း ဖြစ်ပါကြောင်း ဆွေးနွေးခဲ့သည်။

(၁၀) အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း သုံးပွင့်ဆိုင်ဖြစ်သည့်အတွက် အစည်းအဝေးကျင့်ဝတ် (Code of conduct) ရှိရန်လည်း လိုအပ်ကြောင်း ဆွေးနွေးခဲ့သည်။ ထို့နောက် အရပ်ဘက်

ကိုယ်စားလှယ်တစ်ဦး ကလည်း MEITI ၌ သုံးပွင့်ဆိုင်ပါဝင်ကြကြောင်း၊ လေးစားမှုနှင့်တန်ဖိုးထားမှုရှိရန် တောင်းဆိုပါကြောင်း၊ ထိန်းကျောင်းပေးရန်အတွက် Code of conduct ရှိရန်ဖြစ်သကဲ့သို့ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ညှိနှိုင်းရေးမှူးတို့မှလည်း ထိန်းကျောင်းပေးရန်နှင့် အရေးယူသင့်ကိစ္စဆိုပါကလည်း မိမိတို့ တင်ပြ သည့်အခါ အရေးယူပေး စေချင်ကြောင်း၊ မြန်မာနိုင်ငံ၏ ဘက်ပေါင်းစုံပြောင်းလဲရေး လုပ်ငန်းများအတွက် လုပ်ဆောင်နေသည့်အတွက် ပြုပြင်ပြောင်းလဲနိုင်ရန် တိုက်တွန်းဆွေးနွေးခဲ့ သည်။

(၁၁) MSG ဥက္ကဋ္ဌကလည်း MSG ၌ လုပ်ငန်းတာဝန် (ToR) များကြောင်း၊ အခြေခံမှု (Terms and conditions) များရှိကြောင်း၊ အခြေခံမှုတွေအရ ပွင့်လင်းမြင်သာမှုနှင့် တစ်ဦးနှင့်တစ်ဦး အခွင့်အရေးနှင့် ရပိုင်ခွင့်များအား လေးစားရန်သည် အခြေခံအကျဆုံးအချက်ဖြစ်ကြောင်း၊ ထိန်းကျောင်းပေးရန် တာဝန်ရှိကြောင်း၊ လုပ်ငန်း ကော်မတီ၏ အခန်းကဏ္ဍလည်း ပေါ်လာသဖြင့် ဤအချက်အား လုပ်ငန်းကော်မတီအစည်းအဝေးတွင် အဓိကဆွေးနွေးရမည့်အချက်အဖြစ် ထည့်သွင်း၍ ပြောကြား သွားမည်ဖြစ်ကြောင်း၊ မိမိတို့ EITI ၌ အခြေခံမှု (၁၀) ချက်ရှိကြောင်းနှင့် ယနေ့နိဂုံးချုပ်တွင်လည်း ထည့်သွင်း ပြောကြားသွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

(၁၂) ထို့နောက် **"MSG ၏ လုပ်ငန်းတာဝန်များ၊ အခြေခံမှုများနှင့်ပတ်သက်၍ ပွင့်လင်းမြင်သာမှု၊ အခွင့်အရေး နှင့်ရပိုင်ခွင့်များသည် အခြေခံအကျဆုံးအချက်များဖြစ်ပြီး MSG ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ညှိနှိုင်းရေးမှူးတို့မှ ထိန်းကျောင်းပေးရန် လိုအပ်ကြောင်း၊ ကဏ္ဍစုံမှ လေးစားလိုက်နာရန်အတွက် အစိုးရကဏ္ဍများပါဝင်သည့် Working Committee တွင်လည်း ဆွေးနွေးအသိပေးမှုဝေရန်**" ဆုံးဖြတ်ခဲ့ သည်။

(၁၃) MoU Extension ကိစ္စနှင့်ပတ်သက်၍ မည်သူက ဆောင်ရွက်နေသည်ကို အရပ်ဘက် ကိုယ်စားလှယ်က မေးမြန်းမှုအပေါ် ဥက္ကဋ္ဌက အဓိကအားဖြင့် MOPFI နှင့် RI တို့က စာချုပ်တိုးရန် ဆောင်ရွက်ချင်ကြကြောင်း၊ သို့သော် ထောက်ခံပေးသည့် ကမ္ဘာ့ဘဏ်က ဆန္ဒမရှိသဖြင့် ဆောင်ရွက်၍ မရကြောင်း၊ ဘတ်ဂျက်သည် ဆက်ရှိနေသော်လည်း စက်တင်ဘာလနောက်ပိုင်းတွင် MOBD က တိုက်ရိုက်ပေးချေ၍ လုပ်ငန်းဆောင်ရွက်ရမည့်အခြေအနေတွင်ရှိကြောင်း၊ ထိုအခြေအနေများ ကြုံတွေ့နေရကြောင်းလည်း ဆွေးနွေးခဲ့သည်။

(၁၄) အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း လက်ရှိ National Coordinator ဆရာဦးစိုးဝင်းသည် စက်တင်ဘာလကုန်တွင် အနားယူမည်ဖြစ်ပြီး Politically appointment ဖြစ်သဖြင့် မည်သူဆက်ခံပါဟု ပြောဆိုရန်မှ မိမိတို့အနေဖြင့် ပြောဆို၍ မရကြောင်း၊ လက်ရှိ National Coordinator ကသာ သမ္မတရုံးနှင့်တိုင်ပင်၍ ခန့်အပ်သင့်သည်ဟု ထင်မြင်ကြောင်း၊ မိမိတို့စိုးရိမ်သည်မှာ စက်တင်ဘာလ ကုန်ပြီးပါက မည်သူကတာဝန်ခံပြီး ဆောင်ရွက်မည်ကို စိုးရိမ်နေကြောင်း၊ နိုင်ငံတကာ EITI အတွင်း

ရေးမှူးရုံးက မေးမြန်းသဖြင့် အခြေအနေအားလုံးကောင်းမွန်ကြောင်း၊ သို့သော် NCS ၏ အလားအလာနှင့် ပတ်သက်၍ မရေရာကြောင်း၊ ရပ်တန့်ချင်လည်း ရပ်တန့်သွားနိုင်ကြောင်း စသဖြင့် ဖြေကြားထားကြောင်း၊ လတ်တလောတွင် မောင်းနှင်အား အင်ဂျင်ဖြစ်သည့် NCS မရှိပါက မည်သို့ မောင်းနှင့်မည်ကို ခက်ခဲနိုင်ကြောင်း၊ ယာဉ်ပဲရှိ၍ မောင်းလို့ရသည့် စက်မရှိပါက မဖြစ်နိုင်ကြောင်း၊ နည်းလမ်းတစ်ခုမဟုတ်၊ တစ်ခုရှိမှ ဖြစ်မည်ဖြစ်ကြောင်း၊ တစ်ခုခုစီစဉ်၍ရမည်ဟု ထင်မြင်ကြောင်း မေးမြန်းခဲ့သည်။

(၁၅) National Coordinator ကလည်း OD Consultant ငှားထားမှုရှိပြီး ဇူလိုင်လကုန်တွင် ဖွဲ့စည်းပုံအသစ်ပေါ်လာမည်ဟုသိရကြောင်း၊ အဖွဲ့အသစ်ပေါ်လာပါက မိမိအနေဖြင့် စနစ်တကျ လွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ဘဏ် ၃.၅ သန်းရှိသော်လည်း စတင်အကောင်အထည်ဖော်စဉ်က မိမိတို့ဘာသာ ကမကထပြုခဲ့ရကြောင်း၊ အဖွဲ့သစ်ပေါ်လာပါက ဇူလိုင်လကုန်တွင် အဖွဲ့အသစ်အား စနစ်တကျလွှဲသွားမည်ဖြစ်သဖြင့် နောက်အဖွဲ့ကျရင် အခက်အခဲမရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကြောင့်ကြမှုမရှိစေရန် ပြောကြားခြင်းဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

(၁၆) အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း ဤအစိုးရကာလတွင် လုပ်ငန်းစဉ်တစ်လျှောက် ချိတ်ဆက်ညှိနှိုင်းပေးခဲ့မှုများအတွက် ကျေးဇူးတင်ပါကြောင်း၊ ထို့အပြင် ဂုဏ်သိက္ခာထိခိုက်ခဲ့ခြင်းများလည်း ရှိခဲ့ကြောင်း၊ ထို့အတွက်လည်း အမှန်ဘက်ကရပ်တည်ရန်အမြဲစဉ်းစားကြကြောင်း၊ NCS ၏ စာရင်းစစ်အစီရင်ခံစာကို ကမ္ဘာ့ဘဏ်အနေဖြင့် ရသော်လည်း မိမိတို့ MSG က ရရှိရန်လိုအပ်ကြောင်း၊ MSG သည် အဓိကတာဝန်ခံရသဖြင့် မိမိတို့အနေဖြင့် ရသင့်ကြောင်း၊ နောင်ဆက်မဖြစ်စေရန် မည်ကဲ့သို့ ကြိုးကြပ်ရမည်ကို ဆွေးနွေးရမည်ဖြစ်ကြောင်း၊ အားလုံးဂုဏ်သိက္ခာနှင့်ဆက်စပ်နေသည့်အတွက် ပေးရန် တောင်းဆိုကြောင်း ပြောကြားခဲ့သည်။

(၁၇) MSG ဥက္ကဋ္ဌကလည်း Audit ကိစ္စအား စာရင်းစစ်ချုပ်ရုံးအား နိုင်ငံတော်က တာဝန်ပေးလိုက်ကြောင်း၊ စာရင်းစစ်ဥပဒေအရ ထုတ်ပြန်၍မရကြောင်း၊ MOBD နှင့် NCS အကြားထုတ်ပြန်မည်ဆိုပါက သက်ဆိုင်ရာ MOBD က ထုတ်ပြန်သင့်သည်များ ထုတ်ပြန်နိုင်သည်ဟု စာရင်းစစ်ချုပ်ရုံးက ပြောကြား ထားကြောင်း၊ MOPFI အနေဖြင့် စဉ်းစားသည်မှာ စာရင်းစစ်အစီရင်ခံစာ ထွက်ရှိလာပြီး တွေ့ရှိချက် များအရ ထောက်ပြသည်များရှိကြောင်း၊ အသုံးစရိတ်အပိုင်းပါသကဲ့သို့ အသုံးစရိတ်ကြီးကြပ်မှုအပိုင်း အားနည်းချက်များလည်း ထောက်ပြထားကြောင်း၊ လုပ်ငန်းတစ်ခုစစ်သည့် အခါ၌ အစိုးရဌာနကိုလည်း စစ်ပါကလည်း ဤကဲ့သို့ထောက်ပြမည်ဖြစ်ကြောင်း၊ အစီရင်ခံစာအား ကမ္ဘာ့ဘဏ်ပေးပို့ခြင်း၊ ကမ္ဘာ့ဘဏ်က ဘာသာပြန်ခြင်း၊ ထို့နောက်စာရင်းစစ်ချုပ်ရုံးက မှန်၊ မမှန်ပြန်စစ်ခြင်းနှင့် ကမ္ဘာ့ဘဏ်သို့ ပြန်ပို့ခြင်း စသည့်တို့ဆောင်ရွက်နေပြီး ကမ္ဘာ့ဘဏ်၏ ဆောင်ရွက်ချင်သည့် အချက်ကို မပြောသေးသဖြင့် MSG အား မပေးနိုင်သေးခြင်းဖြစ်ကြောင်း၊ MSG သို့ပြောထားပြီးနောက် ကမ္ဘာ့ဘဏ်၏ သုံးသပ်ချက်သည် ခြားနားနေပါက မိမိတို့ပြောထားလည်း အဓိပ္ပာယ်ရှိမည် မဟုတ်ကြောင်း၊ ထို့ကြောင့် အသိမပေးနိုင်သေးကြောင်း၊ အသိပေးပါကလည်း အားလုံးအသိပေးချင်မှ

ပေးမည်ဖြစ်ပြီး သီသင့်သည့် အစိတ်အပိုင်းများသာ ပေးမည်ဖြစ်ကြောင်း၊ ဖြစ်နေသည့်ကိစ္စသည် MOBD က ဘတ်ဂျက်အားယူထားပြီး ထိန်းကျောင်းရမည့် တာဝန်သည် MOPFI မှဖြစ်ကြောင်း၊ သုံးစွဲသူသည် NCS ဖြစ်ကြောင်း၊ သုံးစွဲသူနှင့်ထိန်းကျောင်းသူ အကြားတွင် စစ်နေသည့်အချိန်၌ ဖြစ်ကြောင်း၊ အခြေအနေသည် ပေါ့ပေါ့ပါးပါးလည်း ဖြစ်နိုင်ပြီး လေးလေးနက်နက်လည်း ဖြစ်လာနိုင်ကြောင်း၊ မည်သို့မှ မှန်း၍ မရကြောင်း၊ မိမိတို့အနေဖြင့် ဤအခြေအနေများပြီးမှသာ MSG မှာတင်ပြရန် စီစဉ်ထား ခြင်းဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

(၁၈) အရပ်ဘက်ကိုယ်စားလှယ်ကလည်း ဤကိစ္စနှင့်ပတ်သက်ပြီး မှတ်မှတ်ရရအနေဖြင့် BO လုပ်ငန်းစဉ်တစ်ခုအတွက် မဖြစ်မနေသုံးစွဲရမည့်အခြေအနေတွင် ကမ္ဘာ့ဘဏ်နှင့် Skype အစည်းအဝေး တစ်ခုပြုလုပ်ပြီးနောက် funding ဖြတ်သည့်ကိစ္စဖြစ်သည်ဟု သိရကြောင်း၊ တရားဝင်မဟုတ်သည့် အခြေအနေ၊ အွန်လိုင်း အစည်းအဝေးတစ်ခုတွင် အလွတ်သဘော ပြောကြ သနည်း၊ ပြောရဲကြသနည်းကို မေးမြန်းချင်ကြောင်း ဆွေးနွေးခဲ့သည်။

(၁၉) အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း မိမိတို့၏ စိုးရိမ်ချက်သည်လည်း ဤကိစ္စပါဝင်ကြောင်း၊ စက်တင်ဘာလအပြီးတွင် မည်ကဲ့သို့ဆောင်ရွက်ကြမည်ကို ပုံစံတစ်ခုထွက်ရန်လိုအပ်ကြောင်း၊ Emma ထံမှ အစီရင်ခံစာထွက်လာပါက ပိုကောင်းမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဝန်ထမ်းများ၏ လစာ အား ပေးနိုင်ရန် ပြောထားမှုများရှိကြောင်း၊ သို့သော် ကမ္ဘာ့ဘဏ်နှင့်မိမိတို့အကြားဖြစ်သည့်အချက်အား ရှင်း မှသာ ပေးနိုင်မည်ဖြစ်ကြောင်း၊ မည်သည့်အချိန်တွင် ကမ္ဘာ့ဘဏ်၏ မှတ်ချက်ရနိုင်မည်ကို သိရှိလို ကြောင်း၊ နောက်အချက်အနေဖြင့် ဖွဲ့စည်းပုံပြီးမှသာ ကွဲကွဲပြားပြား ဖြစ်မည့်အခြေအနေဖြစ်ကြောင်း၊ စာရင်းစစ်အစီရင်ခံစာမရလျှင်တောင်မှ မည်ကဲ့သို့ စီစဉ်ရှင်လင်းထားသည်ဆိုသည့် အချက်အား သိရမှ ဖြစ်မည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

(၂၀) MOBD မှတာဝန်ရှိသူကလည်း ရန်ပုံငွေဖြတ်တောက်ခဲ့ခြင်းမဟုတ်ကြောင်း၊ ကိုယ်စားလှယ်ဆွေးနွေး သွားခဲ့သည့် ထိုအွန်လိုင်း အစည်းအဝေးတွင် ကမ္ဘာ့ဘဏ်ဘက်မှ MOBD မှ တိုက်ရိုက်ပေးချေရန်အတွက် စာဝင်လာကြောင်း၊ ထို့ကြောင့် MOBD က ယခင်ကအတိုင်း ဆောင်ရွက်ရ မည့် ကြိုတင်ငွေထုတ်ပေးခြင်း ပြုလုပ်၍ မရတော့ကြောင်း၊ အရေးပေါ် ဆောင်ရွက်ရန်အကြောင်းကြား လာသဖြင့် ဆောင်ရွက်ခြင်း ဖြစ်ပြီး လုပ်ငန်းခွဲကော်မတီတစ်ခုကျင်းပစဉ်တွင် အနည်းငယ်အခက်အခဲ ဖြစ်ခဲ့ကြောင်း၊ ရပ်တန့်ခဲ့ခြင်း မဟုတ်ဘဲ စီမံခန့်ခွဲမှုပုံစံအား ပြောင်းလဲခဲ့ခြင်းဖြစ်ကြောင်း MOBD က ဖြေကြားခဲ့သည်။

(၂၁) MSG ဥက္ကဋ္ဌကလည်း ကမ္ဘာ့ဘဏ်ဘက်က မြန်မြန်ပြန်ကြားရန် တိုက်တွန်းမည်ဖြစ်ကြောင်း၊ ၎င်းတို့ဘက်က အဖြေဆိုသည်မှာ စာရင်းစစ်အစီရင်ခံစာအပေါ် မည်ကဲ့သို့ သဘောထားရှိသည် ဆိုသည့်အချက်များဖြစ်မည်ဖြစ်ကြောင်း၊ နောက်အချက်အနေဖြင့် စက်တင်ဘာလကုန်တွင် MoU ကုန်ဆုံးမည်ဖြစ်သဖြင့် မည်ကဲ့သို့ ဆက်ပြုလုပ် မည်ဆိုသည့်ကိစ္စ၌ နိုင်ငံတော်က RI အား တာဝန်ပေးထား

ပြီး RI သည် နိုင်ငံတော်အစိုးရသက်တမ်း ရှိနေသဖြင့် တာဝန်ရှိကြောင်း၊ ငွေမရှိသဖြင့် မည်ကဲ့သို့ ဆောင်ရွက်မည်ကို အဖွဲ့အစည်းတစ်ခုခု ပေါ်ပေါက်လာမည်ဖြစ်ကြောင်း၊ Consultant ငှားရမ်း၍ အစိုးရဝန်ကြီးဌာနတစ်ခုခုအောက်တွင် အဖွဲ့ တစ်ဖွဲ့ဖြစ်လာရန် စီစဉ်နေကြောင်း၊ ပုံသေသတ်သတ်မှတ်မှတ်နှင့် အစိုးရဘတ်ဂျက်ကိုလည်း လက်ခံနိုင်၊ နိုင်ငံတကာအဖွဲ့များ၏ ဘတ်ဂျက်ကိုလည်း လက်ခံနိုင်သည့်အဖွဲ့တစ်ခုဖြစ်ရန်ဦးတည်ပြီး ဆောင်ရွက်ရန် ရှိကြောင်း၊ လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်ရန် အကြီးအကဲများအား တင်ပြထားပြီးဖြစ်ကြောင်း၊ NCS အတွက်မူ စက်တင်ဘာလ ကုန်လျှင် ဝန်ထမ်းလစာများ၊ ရုံးခန်းငှားခများ စသည့်လုပ်ငန်း အကောင် အထည်ဖော်ရန်ကိစ္စများအတွက် ဘတ်ဂျက်ပေး၍ မရတော့ကြောင်း၊ Consultant အတွက် ငှားရမ်း စရိတ်များ၊ အခြားမဖြစ်မနေပေးရန် လျာထားသည့်လုပ်ငန်းများ ပေး၍ရကြောင်း၊ Donor Consultation Group တွင်ဆွေးနွေးထားသည့် အချက်များလည်း ရှိကြောင်း၊ မိမိတို့ပင် ပူပန်ရန်မဟုတ် ဘဲ နိုင်ငံတော်ကလည်း မဖြစ်မနေ ဖြစ်လာပါက တစ်နည်းမဟုတ် တစ်နည်းဖြင့် ဆောင်ရွက် ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

(၂၂) အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း ဤလုပ်ငန်းစဉ်သည် အစိုးရတစ်ခုသာ အကောင်အထည်ဖော်နေခြင်းမဟုတ်ဘဲ ကဏ္ဍစုံမှပါဝင်ကြောင်း၊ စာရင်းစစ်အစီရင်ခံစာနှင့်ပတ်သက်ပြီး ကမ္ဘာ့ဘဏ်ကပဲ ဆုံးဖြတ်ခြင်းသည် မှန်၊ မမှန် မိမိတို့ကလည်း မေးခွန်းထုတ်ရမည်ဖြစ်ကြောင်း၊ ၎င်းက Decision Maker ဖြစ်မနေရကြောင်း၊ ဤစီမံကိန်း၏ ဆုံးဖြတ်ခွင့်ရှိသူသည် နိုင်ငံတော်အကြီးအကဲများနှင့် တာဝန်ရှိသူများကသာ ဆုံးဖြတ်ပေးရမည်ဖြစ်ကြောင်း၊ World Bank နှင့် ၎င်း၏ စီမံကိန်းများနှင့် ADB စီမံကိန်းများတွင် အမှားများစွာပြုလုပ်ခဲ့ကြောင်း၊ ၎င်းလုပ်ပုံကိုင်ပုံနှင့်ဆုံးဖြတ်ချက်ချမှုများကို မေးခွန်းထုတ်ရမည်ဖြစ်ကြောင်းနှင့်နောင်လည်းမေးခွန်းထုတ်သွားမည်ဖြစ်ကြောင်း စသဖြင့် ဆွေးနွေးခဲ့သည်။

(၂၃) MSG ဥက္ကဋ္ဌကလည်း ကမ္ဘာ့ဘဏ်၏ ဆုံးဖြတ်ချက်အား လိုက်နာမည်ဟု မပြောကြောင်း၊ ကမ္ဘာ့ဘဏ်က သုံးသပ်ပြီးနောက် မိမိတို့အား အကြောင်းကြားလာမည်ဖြစ်ကြောင်း၊ ဆုံးဖြတ်သည့်အခါ၌ မိမိတို့အစိုးရကသာ သက်ဆိုင်ရာအရေးယူသင့်သည်များကို ဆုံးဖြတ်ရမည်ဖြစ်ကြောင်း၊ စာရင်းစစ်ခြင်းသည် EITI လုပ်ငန်းစဉ်ကြောင့်မဟုတ်ဘဲ အသုံးစရိတ်သုံးစွဲသည့်အခါ စည်းမျဉ်းစည်းကမ်းနှင့် ကိုက်ညီမှု ရှိ၊ မရှိအား စိစစ်ခြင်းဖြစ်ကြောင်း၊ မည်သည့်ကြောင့် စစ်ဆေးခြင်းသည် ကမ္ဘာ့ဘဏ်ကပေးသည့် ရန်ပုံငွေဖြစ်သည့်အတွက်ရော၊ မိမိတို့၏ ကတိကဝတ် Commitment အရကြောင့်လည်းကောင်း စာရင်းစစ်ခြင်းဖြစ်ပြီး စစ်ဆေးမှုရလဒ်အား သဘောထားမှတ်ချက် ပြန်တောင်းရခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့ဘဏ်နှင့်ညှိပြီးနောက် အစိုးရက ဆုံးဖြတ်မည်ဖြစ်ကြောင်း ဆွေးနွေး ခဲ့သည်။

(၂၄) အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း ကမ္ဘာ့ဘဏ်ဘက်က မည်သို့ပင်ဖြစ်စေကာမူ ဇူလိုင်လ (၁၅) ရက်နေ့နောက်ပိုင်းတွင် ဖွဲ့စည်းပုံထွက်လာပါက NCS ရုံးနှင့် ရုံးဝန်ထမ်းများကို အဖွဲ့အသစ်တွင် ဆက်လက် ပါဝင်သွားစေရန်အတွက် ဆွေးနွေးစေလိုကြောင်း၊ ကမ္ဘာ့ဘဏ်၏ ရန်ပုံငွေနှင့်မဟုတ်ဘဲ အခြားအဖွဲ့များ၏ ပံ့ပိုးမှုဖြင့် ထောက်ပံ့နိုင်ရန် ကမ်းလှမ်းထားမှုများရှိကြောင်း၊ သို့သော် အစုအဖွဲ့တစ်ခုမှ

တာဝန်ယူပြီး ဦးဆောင်ပေးစေချင်ကြောင်း၊ စက်တင်ဘာလကုန်ကနေ ၂၀၂၁ ခုနှစ်၊ မတ်လအထိ ဆက်လက်ဆောင်ရွက်သွားနိုင်ရန် ဆုံးဖြတ်ချက်ချပေးရန်လိုအပ်ကြောင်း၊ ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာ အပေါ်မှတ်ချက်ပြန်လာပါကလည်း လိုအပ်သလို တုန့်ပြန်ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း၊ MSG ၏ အတွင်းရေးမှူးရုံးကို ဆက်လက်ခေါ်ဆောင်သွားနိုင်ရန် ဆွေးနွေးဆုံးဖြတ်ပေးရန် တိုက်တွန်းကြောင်း ဆွေးနွေးခဲ့သည်။

(၂၅) MSG ဥက္ကဋ္ဌကလည်း National Coordinator အသစ်ကိုစွခန့်အပ်ရန်သည် မိမိတို့အဆင့်နှင့် ဆုံးဖြတ်၍ မရသဖြင့် National Champion နှင့် RI တို့အနေဖြင့် ရှေ့လာမည့် တွေ့ဆုံရန် အစည်းဝေး တစ်ခုစီစဉ်ထားကြောင်း၊ အဆိုပါအစည်းအဝေးပြီးမှသာ လက်ရှိဝန်ထမ်းများ ဆက်လက်ခန့်ထားရန်၊ လူလျှော့ရန်၊ လူတိုးရန် စသည့် အခြေအနေများကွဲကွဲပြားပြား သိမည်ဖြစ်ပြီး ဆုံးဖြတ်နိုင်ကြမည်ဖြစ် ကြောင်း ဆွေးနွေးခဲ့ သည်။

(၂၆) မိမိတို့ဘက်ကနေ လက်ရှိဝန်ထမ်းများကို (၆) လစာပေးရန် အကူအညီတောင်းထားကြောင်း၊ ပွဲပိုးသည့်အဖွဲ့က ဆုံးဖြတ်ချက်အား စောင့်နေကြောင်းလည်း အရပ်ဘက်ကိုယ်စားလှယ်က ဆွေးနွေးခဲ့ သည်။ ၎င်းကဆက်လက်ဆွေးနွေးရာ၌ မိမိတို့ အရပ်ဘက်ကိုယ်စားလှယ်များအနေဖြင့် Quasi-fiscal expenditure ၊ Systematic Disclosure Feasibility Study ToR စသဖြင့် လုပ်ငန်းစဉ်များနှင့်ပတ်သက် ပြီး နှောင့်နှေးမှုများ၊ လိုအပ်ချက်များရှိခဲ့ပါက အားနည်းချက်များကို ထောက်ပြပေးပါ၊ ဆုံးဖြတ်ချက် ပြတ်ပြတ်သားသား ဖြစ်မနေပါက ထောက်ပြရန်လည်း ပြောကြားခဲ့သည်။

(၂၇) MSG ဥက္ကဋ္ဌကလည်း Donor ရှာဖွေထားသည့် Information အား အကြီးအကဲများနှင့် Donor Consultation Group တို့အား အသိပေးလိုက်မည်ဖြစ်ကြောင်း၊ စီစဉ်ထားသည့် အစည်းအဝေးပြီးမှသာ အားလုံးအား မျှဝေပေးသွားမည်ဖြစ်ကြောင်း၊ အသုံးစရိတ်များနှင့်ပတ်သက်၍ MSG မှ အတည်ပြုသည့် Authority ပေးရခြင်းဖြစ်သည့်အတွက် နောက်ပိုင်းတွင် အတည်ပြုကြရာ၌ စနစ်တကျနှင့်သုံးစွဲနိုင်ရန်၊ အတည်ပြုပေးနိုင်ရန်အတွက် စာရင်းစစ်အစီရင်ခံစာတွင် MSG နှင့်ပတ်သက်သည်များလည်း ပါဝင် ကြောင်း၊ မည်သူမဆို ပြီးပြည့်စုံမှု မရှိနိုင်ကြောင်း၊ မိမိတို့အနေဖြင့် လိုအပ်သလိုပြင်ဆင်ပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

(၂၈) အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း ပထမအကြိမ် Donor Consultation Group အစည်းအဝေးသို့ တက်ရောက်ခဲ့ရကြောင်း၊ အချို့ပုဂ္ဂိုလ်များက National Coordinator အပေါ် မဆင်မခြင်ပြောဆိုမှုများရှိကြောင်း၊ အစည်းအဝေး၌ မည်သည့်ပုဂ္ဂိုလ်များသည် မည်သည့်အခြေအနေ တွင် ပြောဆိုခွင့်ရှိသည်ဆိုသည့် Code of conduct သတ်မှတ်ထားရန်လိုအပ်ကြောင်း၊ ယခုကတည်းက ကြိုပြီး စီစဉ်ထားပါက ကောင်းမွန်မည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

(၂၉) MSG ဥက္ကဋ္ဌက ဆွေးနွေးရာ၌ လိုအပ်သည့်အခါ Donor Consultation Group သည် မိမိတို့ အစိုးရ၊ လုပ်ငန်းရှင်နှင့်အရပ်ဘက်ကိုယ်စားလှယ်များဖြင့်သာ ဖွဲ့စည်းထားကြောင်း၊ လိုအပ်မှသာ အစည်းအဝေးတွင် Donors/Development Partner များအား ဖိတ်ကြားဆွေးနွေးရန်၊ ဆွေးနွေးသည့်အကြောင်းအရာနှင့်မသက်ဆိုင်ပါက အစည်းအဝေးမှ ထွက်ခွာစေရန် ဆွေးနွေးခဲ့သည်များရှိကြောင်း၊ Donor Consultation Group ၏ လုပ်ငန်းတာဝန်ပဲဖြစ်ဖြစ်၊ SOP ပြန်လည်ဆွေးနွေးခဲ့သည်။ ထို့နောက် **"Donor Consultation Group ၏ SOP များအား ရေးဆွဲပြင်ဆင်ရန်"** ဆုံးဖြတ်ခဲ့ကြသည်။

(၃၀) အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း Mining Cadastre နှင့်ပတ်သက်၍ Consultant မှ ပေးသည့်အစီရင်ခံစာများအား မျှဝေပေးရန် ဆုံးဖြတ်ပေးစေလိုကြောင်း၊ ထို့အပြင် MEC ၊ MEHPCL တို့နှင့် ပတ်သက်ပြီး ဆွေးနွေးပြီးသားများ ဖြစ်သဖြင့် ယခင်ဆုံးဖြတ်ချက်များအတိုင်း ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း ဆွေးနွေးခဲ့သည်။

(၃၁) ဒုတိယဥက္ကဋ္ဌကလည်း Mining Cadastre လုပ်ငန်းစဉ် စတင်အကောင်အထည်ဖော်စဉ်က ကျောက်မျက် ကဏ္ဍမပါခဲ့ကြောင်း၊ သို့သော် ဒီဇိုင်းတင်လာသည့်ခါ ကျောက်မျက်ကဏ္ဍပါဝင်လာသဖြင့် ဝန်ကြီးဌာန အတွင်း သေချာဆွေးနွေး၍ သတ္တုနှင့်ကျောက်မျက်တို့ ကဏ္ဍနှစ်ခုလုံးပါဝင်သည့် ဒီဇိုင်းကို ဝန်ကြီးရုံးအောက်တွင်သာ ယူနစ်တစ်ခုအနေဖြင့် ထား၍ ဆောင်ရွက်ရန် ဒီဇိုင်းပြင်ဆင်ထားကြောင်း၊ MSG ဥက္ကဋ္ဌနှင့် National Coordinator ဦးစိုးဝင်းတို့အား တင်ပြထားပြီးလည်း ဖြစ်ကြောင်း၊ ယခုနောက်ဆုံးအခြေအနေအရ တင်ဒါအောင်ကုမ္ပဏီအတွက် ငွေပေးချေမှုများအား အဆင့်လိုက်ပေးချေရန်ဖြစ်ကြောင်း၊ MONREC Mining Cadastre Committee ၏ ဒုတိယဥက္ကဋ္ဌ၏ အကြံပြုချက်အရ တင်ဒါအောင်ကုမ္ပဏီအနေဖြင့် အချိန်နှင့်တစ်ပြေးညီ ပြီး၊ မပြီး commitment တောင်းနေဆဲဖြစ်ကြောင်း၊ ၎င်းထံမှ commitment ရပါက Inception Report အား အတည်ပြုပြီး ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ဆက်လက်ပေးချေဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒီအဆင့်ပြီးပါက ကျန်သည့်အဆင့်များသည် ဒီဇိုင်းအပေါ်တွင် အဓိကထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အထက်မှာ ဆွေးနွေးခဲ့သည့်အတိုင်း မိမိတို့၏ ဝန်ကြီးဌာနအတွင်း ဆွေးနွေးမှုမှတ်တမ်းများအား မျှဝေပေးမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့သည်။ ထို့နောက် **"Mining Cadastre Phase II လုပ်ငန်းစဉ်နှင့်ပတ်သက်သည့် MONREC ဝန်ကြီးဌာန၏ Working Group နှင့် Consultant တို့၏ အစည်းအဝေး မှတ်တမ်းများအား MSG သို့ မျှဝေပေးရန်"** ဆုံးဖြတ်ခဲ့ကြသည်။

(၃၂) အရပ်ဘက်ကိုယ်စားလှယ်ကလည်း အစိုးရကိုယ်စားလှယ်များတွင် မျက်နှာသစ်ကိုယ်စားလှယ်များ တက်ရောက်နေကြောင်း၊ ဆုံးဖြတ်ခွင့်ရှိသူများသာ တက်ရောက်စေချင်ကြောင်း၊ ကိုယ်စားလှယ်မှ မတက်ရောက်နိုင်တော့ပါက အစားထိုးကိုယ်စားလှယ်ရွေးချယ်မှုများ သေချာသတ်မှတ်ထားရန်၊ ဆုံးဖြတ်ချက်များအား ဖြစ်နိုင်သမျှ ပြန်မပြင်ရန်၊ MSG ဥက္ကဋ္ဌအနေဖြင့်လည်း အရေးတယူ ဆောင်ရွက်ပေးရန်လည်း တိုက်တွန်းကြောင်း ဆွေးနွေးခဲ့သည်။

No.13 (A), Mya Yadanar Street, 16 Ward, Baukhtaw,
Yankin Township.Yangon 11081
Tel.: +95 1 401 178, Mobile: +95 9 400 888 123
E-mail: info@myanmareiti.org
www.myanmareiti.org

Fiscal Policy, Strategy and EITI Division,
Budget Department,
Office No. (26), Naypyidaw
Tel.: +95 67 410 533
E-mail: meitioffice.mopf@myanmareiti.org

(၃၃) MSG ဥက္ကဋ္ဌကလည်း အစည်းအဝေးတက်ရောက်မှုနှင့်ပတ်သက်၍ အတွင်းရေးမှူးရုံးက သေချာမှတ်သားထားပြီး အစည်းအဝေးတစ်ခုဖိတ်ကြားသည့်အခါ တက်ရောက်နိုင်မှု၊ တက်ရောက်သူအမည်စာရင်းစသည်များကို အလေးထားပြီး ဆောင်ရွက်ပေးရန် အကြံပြုကြောင်း၊ ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ အစိုးရဌာနများအနေဖြင့် တစ်ခါတည်းဆုံးဖြတ်မပေးနိုင်သည်ကို နားလည်ပေးစေလိုကြောင်း၊ အစုအဖွဲ့သုံးဖွဲ့စလုံးက အကျေအလည်ဆွေးနွေးပြီး ပြန်တင်ပြရမည့်ကိစ္စရှိပါက ပြန်တင်ပြခွင့်ပေးရန်အဆိုပြုကြောင်း၊ ဆုံးဖြတ်ရာ၌ ဘုံသဘောတူမှုရယူရန် စသဖြင့် ပြောကြားခဲ့သည်။ ထို့နောက် **"MSG အစည်းအဝေးဆုံးဖြတ်ချက်များအား စောလျင်စွာ အကောင်အထည်ဖော်ဆောင်ရန်၊ အစည်းအဝေးတက်ရောက်သူစာရင်းများအား သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများက သေချာစွာပေးပို့ရန်"** ဆုံးဖြတ်ခဲ့ကြသည်။

## ၇။ MEITI ဘတ်ဂျက် ၃.၅ သန်းနှင့်ပတ်သက်၍ နောက်ဆုံး အခြေအနေများအား တင်ပြခြင်း

MOBD မှတင်ပြရာ၌ သုံးစွဲရန် ဘတ်ဂျက်အနေဖြင့် ဒေါ်လာ တစ်သန်းနှင့်လေးသောင်းရှိရာတွင် လုပ်ငန်းအကောင်အထည်ဖော်ရန်အတွက် ကျန်ငွေသည် ဒေါ်လာ သုံးသောင်းခန့်သာ ရှိတော့မည်ဖြစ်ကြောင်း၊ Consultant ပေးချေမှုများအဖြစ် BDO အား ၇၀ ရာခိုင်နှုန်းပေးချေပြီး ဖြစ်ပြီး ကျန်သည့် ၃၀ ရာခိုင်နှုန်းအား Commodity Trading Report တင်ပြပြီးမှသာ ပေးချေရမည်ဖြစ်ကြောင်း၊ Mining Cadastre Consultant ဒေါ်လာ ၆၆၉,၅၈၃ ရှိရာတွင် ပေးချေမှုမပြုရသေးကြောင်း၊ Implementation အတွက် ဒေါ်လာ သုံးသောင်းခန့်သာကျန်ရှိသည်ကို သိရှိစေလိုကြောင်း စသဖြင့် တင်ပြခဲ့သည်။

## ၈။ အထွေထွေဆွေးနွေးခြင်းနှင့် ဆုံးဖြတ်ချက်များအတည်ပြုခြင်း

(၁) ဆုံးဖြတ်ချက်များအတည်ပြုသည့်အချိန်၌ ဆွေးနွေးကြရာတွင် အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးက ဆုံးဖြတ်ချက်များအား အချိန်သတ်သတ်မှတ်မှတ်ဖြင့် ထည့်သွင်းဖော်ပြရန် ဆွေးနွေးမှုအပေါ် အချို့ဆုံးဖြတ်ချက်များသည် အစိုးရဌာနများအတွက် ရက်အတိအကျထည့်သွင်းရန် ခက်ခဲနိုင်ကြောင်း၊ မည်သည့်အပတ်တွင် ဆောင်ရွက်မည်ဟု ထည့်သွင်းပါက သင့်တော်ကြောင်း MSG ဥက္ကဋ္ဌက အကြံပြုခဲ့သည်။

(၂) ဒုတိယဥက္ကဋ္ဌကလည်း မိမိတို့ MONREC Mining Cadastre Committee တွင် (၉) ယောက်ရှိပြီး MEITI Sub-Committee တွင် မိမိတို့ဝန်ကြီးဌာနမှ အစိုးရ (၂) ဦး၊ လုပ်ငန်းရှင် (၂) ဦး၊ အရပ်ဘက် (၂) ဦးတို့ဖြင့် ကဏ္ဍစုံ (၈) ဦး ပါဝင်ကြောင်း၊ ဝန်ကြီးဌာနအတွင်းတွင် ဒီဇိုင်းအား အတည်ပြုထားပြီးဖြစ်ကြောင်း၊ ဆက်လက်ဆောင်ရွက်နေသည်မှာ တင်ဒါအောင်သည့်ကုမ္ပဏီမှ အစီရင်ခံစာ

တင်သည့်အခါ၌ မိမိတို့မှ အချိန်ယူပြီး ပြန်ကြည့်ရသည်များရှိကြောင်း၊ ထို့သို့ တင်ပြလာသည့် အစီရင်ခံစာများအား ပြန်သုံးသပ် နိုင်ရန်အတွက် မိမိတို့ ဝန်ကြီးဌာနကော်မတီနှင့် MEITI မှ ကော်မတီများ တွေ့ဆုံ၍ ဆွေးနွေးရန် အဆိုပြု သဘောတူကြောင်း ဆွေးနွေးခဲ့သည်။

(၃) လုပ်ငန်းရှင်ကိုယ်စားလှယ်ကလည်း Cadastre အတွက် ငွေကုန်ကြေးကျခံ၍ ဆောင်ရွက်ရသည့်အတွက် အစိုးရဌာနအတွက် တာဝန်ကြီးသည်ဟု နားလည်ကြောင်း၊ ဝန်ကြီးဌာနနှင့် မိမိတို့ ကော်မတီများနှင့် အမြန်ဆုံးတွေ့ရန်၊ ဝန်ကြီးဌာနမှ လုပ်နိုင်သည့်အပိုင်းများအား ကြိုတင်ပြင်ဆင်ပေးထားပါရန် အကြံပြုပါကြောင်း ဆွေးနွေးခဲ့သည်။ ထို့နောက် **"Mining Cadastre အစည်းအဝေးအား ၁၅-၇-၂၀၂၀ ရက်နေ့ နေ့လည် ၁း၀၀ နာရီတွင် ညှိနှိုင်းကျင်းပရန်၊ Online ဖြင့်ကျင်းပရန်၊ DOM မှ ဖိတ်ကြားရန်နှင့် ညှိနှိုင်းကျင်းပရန်"** အချက်အား ဆုံးဖြတ်ချက်တွင်ထည့်သွင်းခဲ့သည်။

**၉။ မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ ဥက္ကဋ္ဌ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းမှ နိဂုံးချုပ်စကားပြောကြားခြင်း**

နိဂုံးချုပ်စကားပြောကြားရာတွင် (၂၉) ကြိမ်မြောက် သုံးပွင့်ဆိုင်အစည်းအဝေးတွင် အရေးကြီးသည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ခဲ့သည့်အတွက် အားလုံးကို ကျေးဇူးတင်ပါကြောင်း၊ ယနေ့အစည်းအဝေးသည် အရေးပေါ် အစည်းအဝေးကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော် ပုံမှန်အစည်းအဝေးဟုလည်း ပြော၍ရကြောင်း၊ အထူးအစည်းအဝေးဟုလည်း ပြောဆိုနိုင်ကြောင်း၊ ပုံမှန်အစည်းအဝေးများထက်ပင် ပြည့်ပြည့်စုံစုံဆွေးနွေးနိုင်ခဲ့ကြောင်း၊ သို့သော် ပုံမှန်ပြုလုပ်မည့် အစည်းအဝေးကိုလည်း မလျှော့စေချင်ကြောင်း၊ လာမည့်အစည်းအဝေးများတွင် ပုံမှန်အတိုင်း အစီအစဉ်များထည့်သွင်း၍ ကျင်းပစေချင်ကြောင်း၊ MEITI ၌ Terms များ သတ်မှတ်ပြုစုကြကြောင်း၊ မိမိမှတ်မိသလောက်ဖြင့် မူကြမ်းသာ ရှိသည်ဟု သိထားကြောင်း၊ အခြေခံမူ (၁၀) ချက်ရှိကြောင်း၊ (၁) ပွင့်လင်းမြင်သာမှု အခြေခံမူ (Transparency) ၊ (၂) တာဝန်ယူမှု၊ တာဝန်ခံမှု (Accountability) (၃) ဖြောင့်မတ်မှန်ကန်မှုအခြေခံမူ (Integrity) ၊ (၄) အမျိုးသားအကျိုးစီးပွားအား ရှေးရှုမှု (National Interest)၊ (၅) တိုင်းရင်းသားပြည်သူများ၏ သဘောထားနှင့်အကျိုးစီးပွားများအား အလေးထားမှု (People Concern)၊ (၆) စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအခြေခံမူ (Sustainability) ဖြစ်ပြီး သယံဇာတများအား ရေရှည်ဖြစ်ရန် ဖြစ်ကြောင်း၊ (၇) လွတ်လပ်စွာကြိုတင် အသိပေးသဘောထား ရယူခြင်းအခြေခံမူ (Free, Prior, Inform, Concern) ဖြစ်ကြောင်း၊ အခြေခံမူအရ အစုအဖွဲ့သုံးခု ဖြစ်သည့်အတွက် အားလုံးလွတ်လပ်စွာ ကြိုတင်အသိပေး သဘောတူညီမှုယူကြရန်ဖြစ်ကြောင်း၊ (၈) စစ်မှန်သောပူးပေါင်း ပါဝင်ဆောင်ရွက်မှုနှင့် အားလုံးအကျုံးဝင်သက်ဆိုင်နိုင်မှု အခြေခံမူ (Genuine Participation and all-inclusive by all stakeholder such as government, private and public) ဖြစ်ကြောင်း၊ (၉) လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု (Fragmented Approach) ဖြစ်ကြောင်း၊ မည်မျှရည်မှန်းချက်ကြီးမားနေစေမူ တိုင်းပြည်အခြေအနေအပေါ်မူတည်ပြီး လက်တွေ့ အကောင်အထည်

ဖော်ရန် ဖြစ်နိုင်၊ မဖြစ်နိုင် စဉ်းစားကြရန်ဖြစ်ကြောင်း၊ (၁၀) ဆွေးနွေး ဆုံးဖြတ်ချက် များအား အများဆန္ဒ ဘုံသဘောတူရယူမှု (Consensus) ဖြစ်ကြောင်း၊ နိုင်ငံတကာ EITI နှင့်လည်း ကိုက်ညီကြောင်း၊ အခြေခံမူများအပေါ် ဆက်လက်ရပ်တည်၍ ပူးပေါင်း ဆောင်ရွက်သွားကြရန် တိုက်တွန်းကြောင်း၊ မိမိတို့ဆက်လုပ်ရမည့် အလုပ်များရှိကြောင်း၊ နိုင်ငံတော်ကလည်း လစဉ်လုပ်ငန်းများ သူ့အချိန်နှင့် အညီဆောင်ရွက်နေသကဲ့သို့ အထွေထွေရွေးကောက်ပွဲလည်း ကျင်းပနိုင်ရန် ဖြတ်သန်း နေသည်များ ရှိကြောင်း၊ အစိုးရအသစ်တွင် လုပ်ငန်းများ မနှောင့်နှေးရန် လုပ်သင့်လုပ်ထိုက် သည်များ ဆောင်ရွက် ရင်းဖြင့် အစိုးရအဖွဲ့၏ အတည်ပြုချက်နှင့် သမ္မတရုံးမှအတည်ပြုပေးရန်လိုအပ်သည့် အချက်များအတွက် အတည်ပြုချက်ရရှိနိုင်ရန် လုပ်ငန်းများဆောင်ရွက်နေပြီး MSG အနေကလည်း မိမိတို့ဆောင်ရွက် နေကြဖြစ်သည့် လုပ်ငန်းများအား ပုံမှန်အတိုင်း ဆက်လုပ်ဆောင်သွားရန်နှင့် ဆပ်ကော်မတီများကလည်း အွန်လိုင်းပဲဖြစ်စေ၊ လူချင်းတွေ့၍ဖြစ်စေ သေချာဆွေးနွေးကြရန်နှင့် MSG အား ဆက်တင်ပြသွားရန်နှင့် အစည်းအဝေးများတွင် အကြောင်းအရာတစ်ခုတည်းအပေါ်တွင် အချိန်မကုန်စေရန်စဉ်းစားပြီး ဆောင်ရွက်သွားကြရန် စသဖြင့် ပြောကြားလိုကြောင်း၊ ဝိုင်းဝန်းဆွေးနွေး ပေးကြသည့်အတွက် ကျေးဇူး တင်ကြောင်း ပြောကြားခဲ့သည်။

## (၂၉) ကြိမ်မြောက် မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်များ

**၂၀၂၀ ပြည့်နှစ်၊ ဇူလိုင် (၁၀) ရက်** **Online Meeting**

| စဉ် | ဆုံးဖြတ်ချက်များ | ဆောင်ရွက်မည့်သူ | ဆောင်ရွက်မည့် အချိန် |
|---|---|---|---|
| ၁ | EITI အကောင်အထည်ဖော်ဆောင်မှုနှင့်ပတ်သက်၍ ဘုံရည်မှန်းချက်များ၊ ရလဒ်နှင့် အကျိုးသက်ရောက်မှုများ၊ Key Performance Indicator များအား Technical and Reporting Sub-committee တွင် တက်ကြွစွာ ဆွေးနွေးချမှတ်ရန်<br>• Technical and Reporting Sub-committee မှ စုံလင်စွာ တက်ရောက်ရန်<br>• ၅-၈-၂၀၂၀ ရက်နေ့တွင် EITI Impact and outcome assessement နှင့် key performance များအား ဆွေးနွေးရန်<br>• ၆-၈-၂၀၂၀ ရက်နေ့တွင် Final Inception Report for 1st MEITI Commodity Trading Report အား ဆွေးနွေးရန် | MSG, Technical and Reporting sub-committee | ၅-၈-၂၀၂၀ ရက်နေ့ နှင့် ၆-၈-၂၀၂၀ ရက်နေ့ |

No.13 (A), Mya Yadanar Street, 16 Ward, Baukhtaw,
Yankin Township.Yangon 11081
Tel.: +95 1 401 178, Mobile: +95 9 400 888 123
E-mail: info@myanmareiti.org
www.myanmareiti.org

Fiscal Policy, Strategy and EITI Division,
Budget Department,
Office No. (26), Naypyidaw
Tel.: +95 67 410 533
E-mail: meitioffice.mopf@myanmareiti.org

| | | | |
|---|---|---|---|
| | • လူချင်းတွေ့ဆုံရန် အဆင်မပြေပါက အွန်လိုင်းမှ အစည်း အဝေးတက်ရောက်နိုင်ရန်အတွက် ညှိနှိုင်းဆောင် ရွက်ရန်<br><br>EITI Impact and outcome assessement နှင့် key performance နှင့်ပတ်သက်၍ ရရှိလာသည့်ဆွေးနွေးသဘောတူညီချက်များအား MEITI ချန်ပီယံထံ ဆက်လက်တင်ပြ၍ အတည်ပြုတရားဝင်ဖြစ်စေ ရန်အတွက် ဆက်လက်လုပ်ဆောင်ရန် | | |
| ၂ | Mining Cadastre Phase II လုပ်ငန်းစဉ်နှင့်ပတ်သက်သည့် MONREC ဝန်ကြီးဌာန၏ Working Group နှင့် Consultant တို့၏ အစည်းအဝေး မှတ်တမ်းများအား MSG သို့ မျှဝေပေးရန် | DOM, MONREC | |
| ၃ | MSG ၏ လုပ်ငန်းတာဝန်များ၊ အခြေခံမူများနှင့်ပတ်သက်၍ ပွင့်လင်းမြင်သာမှု၊ အခွင့်အရေးနှင့်ရပိုင်ခွင့်များသည် အခြေ ခံအကျဆုံးအချက်များဖြစ်ပြီး MSG ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ညှိနှိုင်းရေးမှူးတို့မှ ထိန်းကျောင်းပေးရန် လိုအပ်ကြောင်း၊ ကဏ္ဍစုံမှ လေးစားလိုက်နာရန်အတွက် အစိုးရကဏ္ဍများပါဝင်သည့် Working Committee တွင်လည်း ဆွေးနွေးအသိပေးမျှဝေရန် | MSG | |
| ၄ | Working Committee သည် Leading Committee သို့ တာဝန်ခံရပြီး MSG မှ ချမှတ်ထားသည့် ဆုံးဖြတ်ချက်များအား အကောင်အထည် ဖော်ရန် ဆောင်ရွက်ရကြောင်း၊ Leading Committee မှ လက်ခံ သဘောတူပြီးပါက ဆက်လက်အကောင်အထည်ဖော်ရကြောင်း နှင့် လုပ်ထုံးလုပ်နည်းများအတိုင်း လမ်းကြောင်းမှန်ကန်စွာ ဆောင်ရွက် နိုင်ရန် ထိန်းညှိပေးရန် တာဝန်ရှိကြောင်း။ | MSG | |
| ၅ | Donor Consultation Group ၏ SOP များအား ရေးဆွဲပြဋ္ဌာန်းရန် | MSG, Donor Consultation Group | |
| ၆ | • MSG အစည်းအဝေးဆုံးဖြတ်ချက်များအား စေလျင်စွာ အကောင်အထည်ဖော်ဆောင်ရန်<br>• အစည်းအဝေးတက်ရောက်သူစာရင်းများအား သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများက သေချာစွာ ပေးပို့ရန် | MSG, NCS and Related stakeholders | |
| ၇ | Mining Cadastre အစည်းအဝေးအား ၁၅-၇-၂၀၂၀ ရက်နေ့ နေ့လည် ၁း၀၀ နာရီတွင် ညှိနှိုင်းကျင်းပရန် | DOM, MSG Vice Chair, Mining | ၁၅-၇-၂၀၂၀ ရက်နေ့ |

| | | | |
|---|---|---|---|
| | • Online ဖြင့်ကျင်းပရန်<br>• DOM မှ ဖိတ်ကြားရန်နှင့် ညှိနှိုင်းကျင်းပရန် | Cadastre Working Group, Mining Cadastre sub-committee | |

နောက်ဆက်တွဲ (၁) အစည်းအဝေးတက်ရောက်သူစာရင်း (ကျား -၃၀ ဦး၊ မ -၂၅ ဦး၊ စုစုပေါင်း-၅၅ ဦး)

| စဉ် | အမည် | ရာထူး/တာဝန် | ဌာန/အဖွဲ့အစည်း |
|---|---|---|---|
| **Chair Persons** | | | |
| ၁ | ဦးမောင်မောင်ဝင်း | Chair | Deputy Minister, MOPFI |
| ၂ | ဦးခင်လတ်ကြီး | Vice Chair | Director General, MONREC |
| **အစိုးရကိုယ်စားလှယ်များ** | | | |
| ၃ | ဦးကျော်သက် | DDG | DOM, MONREC |
| ၄ | ဦးအောင်ဝင်းညို | Director | IRD, MOPFI |
| ၅ | ဦးသက်ခိုင် | General Manager | MGE, MONREC |
| ၆ | ဒေါ်လှလှကျိန် | Director | OAG |
| ၇ | ဦးခင်မောင်ကြည် | DGM | MTE, MONREC |
| ၈ | ဒေါ်ဝင်းဝင်းကြူ | DD | OGPD, MOEE |
| **လုပ်ငန်းရှင်ကိုယ်စားလှယ်များ** | | | |
| ၉ | ဦးစိုးမော် | Chair | MFPTMA |
| ၁၀ | ဦးခင်မောင်ဟန် | Chair | MFMA |
| ၁၁ | ဦးဇော်ဘိုခန့် | Vice Chair | MGJEA |
| ၁၂ | ဦးသက်ဝင်းထွန်း | CEC | MGJEA |
| ၁၃ | ဒေါ်မေသက်စုဦး | PSC and Partner Reporting Supervisor | TOTAL E&P Myanmar |
| ၁၄ | ဦးမျိုးဇော်ဦး | Director for Government & Public Affair | MPRL E&P |
| **အရပ်ဘက်ကိုယ်စားလှယ်များ** | | | |
| ၁၅ | ဦးကျော်သူ | MSG | MATA |
| ၁၆ | ဦးရဲလင်းမြင့် | MSG | MATA |
| ၁၇ | ဒေါ်မိုးမိုးထွန်း | MSG | MATA |
| ၁၈ | ဦးသန့်ဇင် | MSG | MATA |
| ၁၉ | ဦးနိုင်လင်းထွဋ် | MSG | MATA |
| **လေ့လာသူများနှင့်အရန်ကိုယ်စားလှယ်များ** | | | |
| ၂၀ | ဦးညီညီထွန်း | GM | MTE |
| ၂၁ | ဦးရွှေဝင်း | AGM | MGE |
| ၂၂ | ဒေါ်ကြူကြူဝင်း | AGM | MGE |

| | | | |
|---|---|---|---|
| ၂၃ | ဦးကျော်ဇောထွန်း | AD | DOM |
| ၂၄ | ဦးထူးအောင် | Program Coordinator | MATA |
| ၂၅ | ဦးဘုန်းပြည့်ကြွယ် | Program Coordinator | MATA |
| ၂၆ | July Seng HKawn | Program Manager | MATA |
| ၂၇ | ဦးစံငွေ | | MATA |
| ၂၈ | ဒေါ်မီမီသိန်း | | MATA |
| **MOBD** | | | |
| ၂၉ | ဒေါ်ခင်ခင်လွင် | Director | MOBD |
| ၃၀ | ဒေါ်သီရိဆွေ | Deputy Director | MOBD |
| ၃၁ | ဒေါ်ခင်ပပခိုင် | Deputy Director | MOBD |
| ၃၂ | ဒေါ်မြမြင့်သန်း | AD | MOBD |
| ၃၃ | ဒေါ်ရွှေရည်ဝင်း | (SO) ဦးစီးအရာရှိ | MOBD |
| ၃၄ | ဒေါ်မေဆုမွန်အောင် | (SO) ဦးစီးအရာရှိ | MOBD |
| **Development Partners** | | | |
| ၃၅ | ဒေါ်တင်ဇာထွန်း | Consultant | World Bank |
| ၃၆ | ဒေါ်သီသီဟန် | Consultant | World Bank |
| ၃၇ | ဒေါ်ယုယုနိုင် | - | DFID |
| ၃၈ | ဒေါ်ဇင်လင်းလင်းချစ် | - | DFID |
| ၃၉ | ဒေါ်တာရာမောင် | - | Nathan Associates (USAID) |
| ၄၀ | ဒေါ်ရှုအိအိထွန်း | - | Nathan Associates (USAID) |
| ၄၁ | ဒေါ်ခင်သန္တာမြင့် | - | Oxfam |
| ၄၂ | ဒေါ်ခင်စောငွေး | - | Forest Trends |
| **မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံး (MEITI-NCS)** | | | |
| ၄၃ | ဦးစိုးဝင်း | National Coordinator | MEITI-NCS |
| ၄၄ | ဒေါ်နှင်းထက်ထက်အောင် | Programme Manager | MEITI-NCS |
| ၄၅ | ဦးထွန်းပေါ်ဦး | Technical Specialist | MEITI-NCS |
| ၄၆ | ဦးကျော်သင်းမောင် | Program Assistant | MEITI-NCS |
| ၄၇ | ဦးနေမင်းမောင် | Technical Coordinator | MEITI-NCS |
| ၄၈ | ဦးဟိန်းထက်စိုး | Technical Officer | MEITI-NCS |
| ၄၉ | ဦးဖွဲ့စည်သူအောင် | BO Coordinator | MEITI-NCS |
| ၅၀ | ဒေါ်ထက်နန္ဒာအောင် | Sr. Communication Officer | MEITI-NCS |

| | | | |
|---|---|---|---|
| ၅၁ | ဦးဇင်ကိုကိုအောင် | Communication Officer | MEITI-NCS |
| ၅၂ | ဦးစိုးသီဟနိုင် | Admin Officer | MEITI-NCS |
| ၅၃ | ဦးတက်ထွန်းဆိုင် | Admin Assistant | MEITI-NCS |
| ၅၄ | ဦးမောင်မောင်မြင့်လွင် | IT Technician | MEITI-NCS |
| ၅၅ | ဒေါ်လွဲလွဲဝင်းမော် | Finance Officer | MEITI-NCS |